# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ စနေနေ့။ Saturday, 23 December 2023 ၁၁၃၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့်စိတ်များနှင့် တပ်မတော်၏ ကောင်းမြတ်သည့်အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း

## နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်လာရေး အမြဲကြိုးစားအားထုတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းယုယုနိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



## ယနေ့ ဖတ်စရာ


အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ
စာမျက်နှာ » ၂

ကွာလာလမ်ပူမြို့လယ် မြန်မာဆိုင်များရှိရာ ကုန်တိုက်မှ အထောက်အထားမဲ့သူများအား မလေးရှားတာဝန်ရှိသူများက ဝင်ရောက်ဖမ်းဆီး
စာမျက်နှာ » ၁၇

အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ
ပြည်သူ့အကျိုးပြုနိုင်မည့် အမျိုးသားမြေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဦးစားပေးဆောင်ရွက်ရမည်
စာမျက်နှာ » ၈

အခုလို လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးကို ကျင်းပပေးတဲ့အတွက် လာရောက်လေ့လာကြည့်ရှုကြတဲ့ လူငယ်တွေအနေနဲ့ အနာဂတ်ကာလမှာ ဘာတွေဆက်လုပ်သင့်တယ်ဆိုတဲ့ အတွေးအမြင်တွေကိုပါ ရရှိစေမယ်လို့ ယုံကြည်ပါတယ်။
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၄

ကြေးမုံ

# နိုင်ငံက အားထားရသူများဖြစ်အောင်ကြိုးစား

နိုင်ငံသားတိုင်း အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်ချက်ဖြင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

လူငယ်နှင့်စာပေအနုပညာပွဲတော်သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာတို့အနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်လူသားအရင်းအမြစ်များအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ဆိုရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် စူးစမ်းလေ့လာတတ်သောသဘာဝရှိပြီး စူးစမ်းလေ့လာမှုမှ တီထွင်ဆန်းသစ်မှုတို့ကို ဆောင်ရွက်တတ်ရာ လူငယ်များ သိလိုသည့်၊ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများကို တစ်နေရာတည်းတွင် တစုတဝေးတည်း လွှမ်းခြုံရယူနိုင်သည့် ဤကဲ့သို့သောပွဲတော်ကြီးမျိုး မကြာခဏ ကျင်းပနိုင်မည်ဟု မျှော်လင့်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများကို ကြည့်မည်ဆိုလျှင် နိုင်ငံတိုင်းနီးပါးသည် မိမိတို့နိုင်ငံ၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Social Capital လူမှုအရင်းများ၊ Intellectual Capital ဉာဏအရင်းများကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြပြီး မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ အဆိုပါအရင်းအမြစ်များ မဖြစ်မနေလိုအပ်နေသည်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ခေတ်စနစ်များ မည်သို့ပင်ဖြတ်သန်းပြောင်းလဲနေသည်ဖြစ်စေ လူငယ်မျိုးဆက်များအနေဖြင့် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်များအား ထူးချွန်ထက်မြက်သူများဖြစ်လာအောင် လမ်းဖွင့်ပေးရန်၊ အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်သည်။ "နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးကို နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကိုလည်း မိဘနှင့် သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးလျက်ရှိသည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" နှင့် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် အချက်နှစ်ချက်ကို ဖော်ဆောင်လျက်ရှိရာ ဤသို့ပွဲတော်များမှတစ်ဆင့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာအောင် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လူငယ်ပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပြပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ အာဆီယံနှင့်ဒေသတွင်း နိုင်ငံတကာအစည်းအဝေးပွဲများနှင့် ပြပွဲပြိုင်ပွဲများတွင် လူငယ်များ တက်ရောက်ဆွေးနွေးပြသ ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ပေးနိုင်သည့်အတွက် အသိပညာနှင့် အတွေးအမြင်များ ပိုမိုဆန်းသစ်ဖြစ်ထွန်းလာသည်ကို မြင်တွေ့နေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာနိုင်ရေး၊ လူငယ်များ ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးပြီး နိုင်ငံ့တာဝန်ကျေပွန်သည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရေး၊ အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထားပြုနိုင်ရေးတို့ကို ဆက်လက်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ ၁၇-၅-၂၀၂၄ ရက်နေ့ထိလည်းကောင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၁၂-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂၀ | ၁၇၆,၀၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၁၂၉ | ၃၆၇,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၄၁ | ၃၁၉,၈၀၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၈၆၅ | ၁,၃၈၄,၀၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၃ | ၇,၃၅၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၉၄၁ | ၁,၈၅၈,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၂၇ | ၁,၀၆၇,၅၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၃၆၈ | ၆၂၅,၆၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** – ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ယုယုနိုင်အား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် **“နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်း အရာရှိများအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်”ဟူသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေသည် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသည့် အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးစွမ်းအား တည်ဆောက်ရေးတို့တွင် မျိုးချစ်စိတ်ဖြင့် ပါဝင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအား တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့ အတွက် လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

**အစဉ်အလာကြီးမားသည့် တပ်မတော်**

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိကဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကိုဦးဆောင်လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခေတ်အဆက်ဆက် အစိုးရများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များ၊ တစ်နည်းအားဖြင့် နိုင်ငံ့အင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရပြီး နိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်း တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့သည့်၊ အစဉ်အလာကြီးမားသည့် တပ်မတော်ဖြစ်သဖြင့် တပ်မတော်၏သမိုင်းကြောင်းနှင့် အစဉ်အလာများကို သိရှိနားလည်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နယ်ချဲ့အရေးများကို သမိုင်းပေးတာဝန်များအရ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ရကြောင်း။

တိုင်းပြည်အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို သိရှိအောင် လေ့လာပြီးအသက်ပေးစောင့်ထိန်းသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**မြန်မာ့တပ်မတော် သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှု ကာလများမှစပြီး တွေ့မြင်နိုင်မည်** ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင်လည်း များစွာအရေးပါခဲ့သည်ကို တွေ့ရကြောင်း၊ ကိုလိုနီခေတ် လွတ်လပ်ရေး ကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီး သူရဲကောင်းများစွာရှိခဲ့ကြကြောင်း။

ယနေ့ မျက်မှောက်ကာလတွင်လည်း လူမှုရေး၊ စီးပွားရေး နယ်ပယ်များနှင့် အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာ နယ်ပယ်များတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်ပညာ၊ ခေါင်းဆောင်မှုပညာရပ်များနှင့် လက်တွေ့လေ့ကျင့် ဆောင်ရွက်မှုများကို အခြေခံပြီး ပေးအပ်လာမည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သား အားလုံးသည် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မပါဘဲ မိမိတို့တစ်ဦး တစ်ယောက်ချင်း၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်တပ်မတော်ကို ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များနှင့် ဝင်ရောက်လာခဲ့ကြသည့်သူများဖြစ်ပြီး တပ်မတော်မှလည်း အမျိုးသမီး စစ်မှုထမ်းကောင်းများဖြစ်စေရန် အဘက်ဘက်က လေ့ကျင့်ပေးလိုက်ပြီးဖြစ်သဖြင့် တာဝန်ထမ်းဆောင်ချိန် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံရန် လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

☆ **မြန်မာ့တပ်မတော် သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှု ကာလများမှစပြီး တွေ့မြင်နိုင်မည်**

☆ **အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင်လည်း များစွာအရေးပါခဲ့သည်ကို တွေ့ရ**

☆ **ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်တွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီး သူရဲကောင်းများစွာရှိခဲ့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၃ မှ

ထို့ပြင် မိမိတို့၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်သွားကြရန်နှင့် အမျိုးသမီးစစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် အသိပေး မှာကြားလိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်ပင် ဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍ မြှင့်တင်ရန်အတွက် တပ်မတော်ကို သမားရိုးကျ စစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက် ရှိကြောင်း၊ တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရန်အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည်စွမ်းအားရှိသည့်၊ အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ထိုသို့တည်ဆောက်သည့်နေရာတွင် တပ်မတော်သားအားလုံး၏ ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာကျွမ်းကျင်မှုနှင့် ပညာရည်မြင့်မားစေရေး စဉ်ဆက်မပြတ်လုပ်ဆောင် ပေးလျက်ရှိကြောင်း၊ စစ်နည်းဗျူဟာ အတတ်ပညာနှင့် စစ်လက်နက် ပစ္စည်းများသည် နေ့စဉ်နှင့်အမျှ တီထွင်ပြောင်းလဲတိုးတက်နေသည့် အလျောက် လေ့ကျင့်ရေးပိုင်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အရည်အသွေးမြှင့်တင်သွားကြရမည်ပင်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ ပေါ်ပေါက်လာသည့် စစ်လက်နက်၊ စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာကိုင်တွယ် အသုံးချနိုင်ရန်အတွက် လေ့ကျင့်နေကြရမည်ဖြစ်သကဲ့သို့ လက်တွေ့စစ်မြေပြင်တွင် ရန်သူကိုရင်ဆိုင်တိုက်ပွဲဝင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှု ရှိနေစေရန်လည်း အမြဲလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။

**စည်းကမ်းနှင့်အညီနေထိုင်ပြုမူ**

စစ်သည်တစ်ဦးချင်းစီ၏ ပြုမူပြောဆို နေထိုင်မှုများသည် တပ်မတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် တစ်ဦးချင်းစီက စည်းကမ်းနှင့်အညီ နေထိုင်ပြုမူ ကျင့်ကြံကြရန် လိုအပ်ကြောင်း၊ အဖွဲ့အစည်းတစ်ခုသည် စည်းကမ်းလိုက်နာမှုနှင့် အကျင့်စာရိတ္တအားနည်းလာပါက ပျက်စီးမှုအမျိုးမျိုးနှင့် ကြုံတွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် ထုတ်ပြန်ထားသည့်အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး **တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိ တာဝန် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။**

**အမူအကျင့်ကောင်းများ**

အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာ တတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင် ဖြစ်ကြောင်း၊ **ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက် ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏အစပင်ဖြစ်**ကြောင်း၊ ခေါင်းဆောင်လုပ်သူသည် ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင် ဆောင်ရွက်တတ်မှုရှိခြင်း၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းခြင်း၊ ဗဟုသုတ ကြွယ်ဝပြီး လေ့လာလိုစိတ်ရှိခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ဓာတ်ကောင်းခြင်း၊ သစ္စာရှိခြင်း၊ စွမ်းရည်သုံးရပ် ပြည့်စုံခြင်း၊ စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ခြင်း စသည့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

"သွားသင့်သည့်နေရာ ကိုသာ သွားရန်၊ ပေါင်းသင့်သည့် သူကိုသာပေါင်းရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်နှင့် ပြောသင့်သည်ကိုသာ ပြောရန်" ဟူသည့် သင့် ၄ သင့်ကို လိုက်နာကျင့်သုံးပြီး ဘဝတစ်လျှောက် ကိုယ်ကျင့်တရားကောင်းသည့် အရာရှိများဖြစ်အောင် မိမိကိုယ်ကို စောင့်ထိန်း နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင် ကောင်းတစ်ဦး ဖြစ်လာရန် ကျရာတာဝန်များ၌ ကျေပွန်စွာ ထမ်းဆောင်ပြီး ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်**

မကြာခင်တွင် ပြန်တမ်းဝင်အရာရှိငယ်များအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရတော့မည်ဖြစ်ပြီး ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်ရမည့် အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှုပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ **မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ရမည့်တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာနချုပ်များတွင် နေ့စဉ်လုပ်ဆောင်နေကြရသည့် အုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ရှိပြီး ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ရုံးလုပ်ငန်းများကို ဦးစီးတာဝန်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော် ဖြစ်သောကြောင့် မည်သည့်အခက်အခဲ၊ အတားအဆီးမျိုးကိုမဆို ပြည်သူနှင့် လက်တွဲပြီး တွန်းလှန်ကျော်ဖြတ်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူက အားကိုးရသည့် တပ်မတော်ဖြစ်အောင်လည်း အမြဲကြိုးပမ်း ဆောင်ရွက် နေရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ❖

❖ **စစ်သည်တစ်ဦးချင်းစီ၏ ပြုမူပြောဆို နေထိုင်မှုများသည် တပ်မတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် တစ်ဦးချင်းစီက စည်းကမ်းနှင့်အညီ နေထိုင်ပြုမူ ကျင့်ကြံကြရန် လိုအပ်**

❖ **အဖွဲ့အစည်းတစ်ခုသည် စည်းကမ်းလိုက်နာမှုနှင့် အကျင့်စာရိတ္တအားနည်းလာပါက ပျက်စီးမှုအမျိုးမျိုးနှင့် ကြုံတွေ့ရမည်**

❖ **တပ်မတော်သားများသည် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်သွားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် အမျိုးသမီးဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❖ စာမျက်နှာ ၄ မှ

**တပ်မတော်အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရ ယနေ့အချိန်အထိ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ "အမျိုးသားနိုင်ငံရေး"ဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း စသည့် လောကီကောင်းကျိုး၊ သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့် လုပ်ငန်းများဖြစ်**သည်ကို ပြောကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးစနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက် အိုးအိမ် စည်းစိမ် ကာကွယ် စောင့်ရှောက်ရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း**

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့်စိတ်များနှင့် တပ်မတော်၏ ကောင်းမြတ်သည့် အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း၊ သမိုင်းကြောင်းနှင့် ယှဉ်တွဲလျက်ရှိသည့် တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ မိမိတို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်လုပ်ကိုင်ပြီး အမျိုးသမီး စစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အမြဲ ကျန်းမာကြံ့ခိုင်နေအောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရန်၊ **ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်နှင့် မိမိရဲဘော်ရဲဘက်များ ကောင်းကျိုးအတွက် အမြဲရှေးရှုလုပ်ကိုင်သွားကြရန်၊** ဒို့တာဝန် အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သည့်သူများ ဖြစ်အောင် လေ့ကျင့် ဆောင်ရွက်သွားကြရန်၊ **နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် အမျိုးသမီးအရာရှိ ကောင်းများဖြစ်လာရေး အမြဲကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုး သီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းဌာနချုပ် ညှိနှိုင်းခန်းမ၌ ထူးချွန်ဆုရရှိကြသူများ ဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆု ရရှိသူ ဗိုလ်လောင်း ယုယုနိုင်၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း ကြည်ဗဟိုစိမ့်၊ စစ်ရေးပြ အကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေရည်ဝင်းနှင့် ကြံ့ခိုင်ရေး အကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေဝတ်မှုန်ဦးတို့ကို တွေ့ဆုံ၍ဂုဏ်ပြု အမှာစကားပြောကြားသည်။

**ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်း**

ဂုဏ်ပြု အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ **ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစား အားထုတ်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက် ထိန်းသိမ်းသွားကြရန် လို**ကြောင်း၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများ အနေဖြင့် ဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီး ဆည်းပူး လေ့လာခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ အခြေခံပညာအဆင့်၌ ပို့ချသင်ကြားခြင်း (Teaching)ကို အဓိကထား ဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် တက္ကသိုလ်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာ သင်ကြားခြင်း (Studying)ကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခု ဗိုလ်လောင်းသင်တန်း တက်ရောက် ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

**ကြိုးစားအားထုတ်သွားရမည်**

ထို့ပြင် ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေး စောင့်ရှောက် ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ ကျေးဇူးကို မမေ့ရန်နှင့် အကောင်းဆုံးကျေးဇူးဆပ်ခြင်းသည် မိဘများ၏ စကားကို နားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကြောင်းသွားရမည်ဖြစ်ကြောင်း၊ မိသားစုက ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော် အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ **တက္ကသိုလ်မှရရှိလာသည့် လူမှုဆက်ဆံရေး အတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများကို ဆက်လက် ထိန်းသိမ်း၍ မိမိဘဝ တိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက် ကြိုးစား အားထုတ်သွားရမည် ဖြစ်ကြောင်းနှင့် မည်သည့် နယ်ပယ်တွင်မဆို တိုင်းပြည် ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်**ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ **တပ်မတော်အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရ ယနေ့ အချိန်အထိ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း**

❖ **"အမျိုးသားနိုင်ငံရေး"ဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း စသည့် လောကီကောင်းကျိုး၊ သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့် လုပ်ငန်းများဖြစ်**

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်း ဂုဏ်ပြုကဗျာ

## ရည်မျှော်ကာလှမ်း၊ ထိုသည့်လမ်း

❋ မ တစ်ထောင်၊ တစ်ကောင်ဖွားတဲ့
အမျိုးသမီးစစ်သည်၊ ဘာမထီ
တိုင်းပြည်ရန်စွယ်၊ ကာကွယ်မည်မှန်း
လျှောက်လှမ်းခဲ့ပြီ၊ ထိုလမ်းဆီသို့…။

❋ အမျိုးသမီးအားမာန်၊ ဇွဲစိတ်သန်၍
မိနိုင်ငံတွက်၊ တို့ပေးဆက်မည်
တစ်ဖက်တစ်လက်၊ မ, တို့လက်တွေ
ပုခက်လွှဲလက်၊ လက်နက်ကိုင်မည်
ရွေးချယ်ကာမှန်း၊ တို့လှမ်းခဲ့ပြီ
အနာဂတ်မှန်း၊ ထိုလမ်းဆီသို့…။

❋ ကျန်းမာကြံ့ခိုင်၊ ကျွမ်းကျင်ယုံကြည်
စွမ်းရည်သုံးရပ်၊ ဖြောင့်မတ်ခိုင်တည်
မ, တို့စွမ်းအင်၊ ဂုဏ်မြှင့်တင်မည်
ပါဝင်လျှောက်လှမ်း၊ ထိုလမ်းဆီသို့…။

❋ တပ်နှင့်ပြည်သူ၊ လက်တွဲကူ၍
တူညီစိတ်ဝမ်း၊ ထိုလမ်းဆီမှာ…။

❋ အေးချမ်းသာယာ၊ ဝေဖြာတိုးတက်
တွဲလက်ညီညီ၊ ထိုလမ်းဆီမှာ…။

❋ နိုင်ငံအဝှမ်း၊ ငြိမ်းချမ်းသာယာ
ကမ္ဘာ့အလယ်၊ တည်ဝင့်ထည်သော
အမိမြန်ပြည်၊ ထိုလမ်းဆီမှာ…။

**သီရိပြည့်စုံမေ**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်း အမျိုးသမီးအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီးအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအမျိုးသမီး အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အမျိုးသမီးအရာရှိများနှင့်အတူ မြဝတီသဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်




မင်းမင်းစိုးနှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

**ရာထူးခန့်အပ်ပေးအပ်ခြင်း**

ယနေ့ကျင်းပသည့်ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်း အခမ်းအနားသည် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းများအား ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်း ဖြစ်သည်။ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒဂုံတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ဒဂုံတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ်များကလည်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် သင်တန်းရေးရာဌာနမှူး ဦးသန်းစိုးဦးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဘာသာရပ် အသီးသီးမှ ပါမောက္ခ/ဌာနမှူး ဆရာ ဆရာမများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တီးတိန်မြို့၌ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ မြို့မိမြို့ဖများ ခရစ္စမတ်မိတ်ဆုံစားပွဲ ပြုလုပ်

**တီးတိန် ဒီဇင်ဘာ ၂၂**

ချင်းပြည်နယ် တီးတိန်မြို့၌ တီးတိန်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ ခရစ္စမတ်မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ခရစ္စမတ်မိတ်ဆုံစားပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး သိက္ခာတော်ရဆရာတော် Rev အိုက်ဇက်ဇင့်ထောင်းက ခရစ္စမတ်ဒေသနာ ဟောကြားခဲ့သည်။ ထို့နောက် ကြွရောက်လာသော ဘာသာရေးခေါင်းဆောင်များက ခရစ္စမတ်အထူးဆုတောင်း၍ ရင်းရင်းနှီးနှီး နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **မိုးမိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ ကျောဖုံးမှ

ရှေးဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကိုထင်ဟပ်ပေါ်လွင်စေနိုင်သည့် စွမ်းရည်ပြပြိုင်ပွဲတစ်မျိုး ဖြစ်ကြောင်း၊ အားကစားပြုလုပ်ခြင်းကြောင့် ပထမဆုံးရရှိသည့် အကျိုးကျေးဇူးသည် တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်ရေးဆိုသည့် ကောင်းကျိုးပင်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် ကစားရသည့် အလေ့အထမှ တစ်ဆင့် အချင်းချင်းစည်းလုံးညီညွတ်မှု တစ်နည်းအားဖြင့် စုပေါင်းစိတ်ဓာတ်ကို ရရှိစေပြီး ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်၊ အမျိုးသားရေးဂုဏ်ကို ဆောင်ကြဉ်းလိုသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထက်သန်လာစေမည် ဖြစ်ကြောင်း။

အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက် ပြုကြရမည့် ယနေ့ လူငယ်များအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံစေရေးကို အစဉ်တစိုက် ကြိုးပမ်းမြှင့်တင် တည်ဆောက်နေကြရမည် ဖြစ်ကြောင်း၊ "ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေး ဘက်စုံပညာရေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရန် လိုအပ်ကြောင်း။

**တိုးချဲ့ဖွံ့စည်းဆောင်ရွက်ခဲ့**

ပညာရည် မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ထိထိရောက်ရောက်အထောက်အကူပြုနိုင်မှုသည် ကိုယ်လက်လှုပ်ရှား အားကစားပင်ဖြစ်ကြောင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အားကစားနှင့် ပညာရေးတို့သည် ခွဲခြားမရသည့်အရာများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားဝန်ကြီးဌာနကို အဆင့်မြှင့်တင်ပြီး လူငယ်ကဏ္ဍကိုပါ ဦးစားပေး လုပ်ဆောင်နိုင်အောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု ပညာရေးဒီဂရီကောလိပ်အဆင့်ပြိုင်ပွဲတွင် ဘောလုံး(ကျား)၊ ဘော်လီဘော (ကျား) (မ)၊ ပိုက်ကျော်ခြင်း (ကျား)နှင့် ပြေးခုန်၊ ပစ် အားကစားနည်းများ စသည်ဖြင့် ပါဝင်မည်ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ယခင်နှစ်မှစပြီး နေပြည်တော်တွင် ဗဟိုအဆင့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်အသီးသီး၏ ကျောင်းတွင်း အားကစားပြိုင်ပွဲများမှ တစ်ဆင့် အထက်မြန်မာပြည်ဇုန်၊ အောက်မြန်မာပြည်ဇုန် ဇုန်အဆင့်ပွဲများကို အဆင့်ဆင့်ယှဉ်ပြိုင်ခဲ့ကြပြီးမှ ဗဟိုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

**ချီးကျူးဂုဏ်ပြု**

ယခုနှစ်တွင် ထူးခြားချက်မှာ ဇုန်အဆင့်တွင် အသင်းလိုက်ရွေးချယ်ခြင်းမျိုး မဟုတ်ဘဲ ဇုန်အဆင့်ယှဉ်ပြိုင်သူ ကျောင်းသားအားလုံးထဲကမှ လက်ရွေးစင်များ ရွေးချယ်ပြီး ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်၍ ယခုလိုဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် မောင်တို့မယ်တို့၏ ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုကြောင်းကိုပြောကြားလိုကြောင်း။

ထိုသို့ ဒီဂရီကောလိပ်အဆင့်၊ ဇုန်အဆင့်၊ ဗဟိုအဆင့်အားကစားပွဲများ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူများသည် အချင်းချင်းထိတွေ့မှု၊ ချစ်ခင်ရင်းနှီးမှု၊ ညီညွတ်မှု၊ ဒေသန္တရဗဟုသုတများရရှိမှုအပြင် အားကစားတွင် ထူးချွန်သည့် အခြေခံပညာဆရာ ဆရာမများအဖြစ် ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံပညာအတွက် ပညာရေးနှင့် အားကစားစွမ်းရည်ကိုပါ အားထားရသည့် ဘက်စုံထူးချွန်သည့် ဆရာများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**ထူးချွန်အားကစားသမားများ ပေါ်ထွန်း**

ယခုကဲ့သို့တက္ကသိုလ်/ကောလိပ်အဆင့် အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်နှင့် ကောလိပ်များမှ ထူးချွန် အားကစားသမားများ ပေါ်ထွန်းမှုကိုကြည့်ပါက စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းမှ လက်ရွေးစင်များဖြစ်ကြသည့် ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ အောင်ခင်၊ ကက်နက်ရှိန်၊ တင်မောင်၊ စိုးမြင့်၊ စောဦး၊ မောင်ပြုံး၊ ကျော်ကျော်၊ မောင်မောင်၊ ငွေကိုင်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ ခင်မောင်ဇော်၊ ဘမောင်တို့သည် မြန်မာ လူငယ်လက်ရွေးစင်အသင်း၊ လူကြီးလက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ကြသည့် ပရိသတ်အသည်းစွဲ နာမည်ကျော်ကစားသမားများပင် ဖြစ်ကြကြောင်း၊ ဂိုးသမား ဂျပ်ဆင် ဆိုပါက ရန်ကုန်တက္ကသိုလ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်က အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့စဉ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံးဗိုလ်လုပွဲတွင် အီရန်နိုင်ငံအသင်းကို အနိုင်ရပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ပါကြောင်း၊ ဘော်လီဘောတွင် ကျော်ဟန်၊ အေးထွန်း၊ စန်းစန်းဖေ၊ ဖြူဖြူဇော် စသည့် တက္ကသိုလ်ဘော်လီဘောသမားများနှင့် ဘတ်စကက်ဘောတွင် ဉာဏ်မင်းတို့သည် မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူများ ဖြစ်ကြကြောင်း။

၁၉၆၂ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် တင်မောင်နီနှင့် ၁၉၆၉ ခုနှစ် ရန်ကုန်ကျွန်းဆွယ်ပြိုင်ပွဲတွင် တစ်ဦးတည်း ရွှေတံဆိပ် သုံးခု ဆွတ်ခူးနိုင်ခဲ့သည့် နန္ဒကျော်စွာတို့သည် ဆုတံဆိပ်များစွာဆွတ်ခူးခဲ့သည့်တက္ကသိုလ်ရေကူးအားကစားသမားများ ဖြစ်ကြကြောင်း၊ ကြက်တောင်တွင် မောင်လှ၊ ကျော်ထွန်း၊ မြင့်မြင့်ခင် (မန္တလေး) တို့မှစကာ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင် ကြက်တောင်ရိုက်အားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အသင်းသားများပင် ဖြစ်ကြကြောင်း၊ ထို့ကြောင့် ယခုလို တက္ကသိုလ်ပေါင်းစုံ၊ ပညာရေးကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများ ထပ်မံပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်သည့်အတွက် တစိုက်မတ်မတ် ကြိုးစားသွားကြပါဟု တိုက်တွန်းလိုပါကြောင်း။

**စာမျက်နှာ ၉ သို့ ★**

★ **အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် ယနေ့လူငယ်များအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံစေရေးကို အစဉ်တစိုက် ကြိုးပမ်းမြှင့်တင် တည်ဆောက်နေကြရမည်**

★ **"ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေး ဘက်စုံပညာရေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရန် လိုအပ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းသား ကျောင်းသူများက မြန်မာ့ခြင်းဝိုင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။

# အမျိုးသားမြေအသုံးချမှုကောင်စီ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ

# ပြည်သူ့အကျိုးပြုနိုင်မည့် အမျိုးသားမြေဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဦးစားပေးဆောင်ရွက်ရမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသား မြေအသုံးချမှု ကောင်စီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား မြေအသုံးချမှု ကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသား မြေအသုံးချမှု ကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေသယံဇာတအရင်းအမြစ်သည် မိမိတို့ လူသားများ၊ လူမှုအသိုင်းအဝိုင်းများ ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံး သဘာဝသယံဇာတ အရင်းအမြစ်ဖြစ်ပါကြောင်း၊ အခြားသယံဇာတ အရင်းအမြစ်များနှင့် မတူသည့်အချက်မှာ မြေသယံဇာတသည် တိုးပွားအောင်လုပ်၍ မရဘဲ အကန့်အသတ်နှင့်သာရှိသည့် သဘာဝသယံဇာတအရင်းအမြစ်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် အထူးအလေးထား စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို အများပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

**အထူးလိုအပ်လျက်ရှိ**

၂၀၁၅ ခုနှစ်စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံက သဘောတူညီ လက်ခံခဲ့သည့် Agenda 2030 တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက် ပန်းတိုင်များ (Sustainable Development Goals– SDGs) ၁၇ ခု ပါဝင်ပြီး ရည်မှန်းချက် အများစုသည် မြေယာစီမံခန့်ခွဲမှုနှင့် အဓိက သက်ဆိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Agenda 2030 ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန်နှင့် ရေရှည်တည်တံ့သည့် ဘက်စုံဖွံ့ဖြိုးမှုအတွက် စနစ်ကျပြီး ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည်လည်း အထူးလိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံသားအားလုံး၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာ ဖူလုံရေးအတွက် မြေလုပ်ပိုင်ခွင့် ခိုင်မာစေရေး၊ သဘာဝဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေး၊ မြေအသုံးချမှုစီမံခန့်ခွဲရာတွင် စီးပွားရေး အကျိုးအမြတ် အများဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် မြေအသုံးချမှုများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများကို လွှမ်းခြုံသည့် ပြည်သူ့အကျိုးပြုနိုင်မည့် အမျိုးသားမြေဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ပဓာနကျပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဖြစ်ပါကြောင်း။

အမျိုးသား မြေအသုံးချမှု ကောင်စီအနေဖြင့် မိမိတို့၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည့် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အားလုံးကိုလွှမ်းခြုံနိုင်မည့် အမျိုးသားမြေဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီအောက်တွင် မြေဥပဒေ ရေးဆွဲရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ၎င်းအထောက်အကူပြုလုပ်ငန်းအဖွဲ့အောက်တွင် ဥပဒေရေးဆွဲရေး အဖွဲ့ငယ်သုံးဖွဲ့ကို ထပ်မံဖွဲ့စည်းထားပြီး အမျိုးသားမြေဥပဒေကြမ်း အခန်း(၁၆)ခန်းကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ဥပဒေမူကြမ်း ထွက်ပေါ်လာရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော် ရေးဆွဲပြုစုနေသည့် အဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း။

**အချိန်မီပြီးစီးအောင်**

ဥပဒေမူကြမ်း ရေးဆွဲပြုစုခြင်းကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း ၁၅ လ သတ်မှတ်ထားပြီး ၂၀၂၃ ဩဂုတ်လမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ စုစုပေါင်း ကိုးလမှာ ကနဦးမူကြမ်း စတင်ရေးသားပြုစုခြင်း၊ ၂၀၂၄ ခုနှစ် မေလမှ ဇူလိုင်လအထိ သုံးလမှာ ရေးဆွဲပြီးမူကြမ်းကို အကျိုးသက်ဆိုင်သူများထံ ချပြခြင်းနှင့် အကြံပြုချက်များအရ ကနဦးမူကြမ်းကို ပြန်လည်ပြင်ဆင်ရေးသားခြင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ နောက်ဆုံး သုံးလမှာ ပြင်ဆင်ပြီးမူကြမ်းကို အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကတစ်ဆင့် အမျိုးသား မြေအသုံးချမှု ကောင်စီသို့ တင်ပြခြင်းဆိုပြီး သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးဆွဲပြုစုခြင်းသည် ကျယ်ပြန့်နက်နဲသည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသော Time Frame အတွင်း မိမိတို့ လုပ်ငန်းများကို အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် စနစ်ကျပြီး ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ် ပေါ်ထွက်လာစေရန်အတွက် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ လမ်းညွှန်ချက်များနှင့် မူဝါဒပါ လုပ်ငန်းစဉ်နှင့်အညီ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှု သဟဇာတဖြစ်စေရေးကို လွှမ်းခြုံစေမည့် အမျိုးသား မြေဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ အဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အစည်းအဝေး တက်ရောက်လာသူများ အနေဖြင့် အမျိုးသားမြေဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသား မြေအသုံးချမှုကောင်စီ၏ စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက် (၁၂)ချက်ပေါ် အလေးထားလိုက်နာဆောင်ရွက်ရမည့် အခြေအနေ၊ အမျိုးသားမြေအသုံးချမှု မူဝါဒကို အနည်းဆုံး (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြင်ဆင်ရမည့် အခြေအနေ၊ နိုင်ငံပိုင်မြေများကို စနစ်တကျ စီမံခန့်ခွဲရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မြေယာစီမံခန့်ခွဲမှု ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အမျိုးသား မြေအသုံးချမှု ကောင်စီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အမျိုးသား မြေအသုံးချမှု ဥပဒေရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမြေများကို အခြားနည်းလမ်း အသုံးမပြုရေး၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် အကောင်အထည်ဖော်ရေးနှင့် အမျိုးသားမြေအသုံးချမှု ဥပဒေပေါ်ပေါက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု ကိစ္စရပ်များ အပြင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေအသုံးချမှုနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် မြေယာမူဝါဒနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

နေပြည်တော် ဒီဇင်ဘာ ၂၂

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဒီဇင်ဘာ ၂၂

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်သည်။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ-ဦးအောင်မြတ်မင်း

★ စာမျက်နှာ ၇ မှ

အားကစားဆိုသည်မှာ ကာယအားနှင့် ဉာဏအားကို အသုံးချပြီး လှုပ်ရှားရသည့် ယှဉ်ပြိုင်မှုဖြစ်ခြင်းကြောင့် အနိုင်မခံအရှုံးမပေးသည့် ခိုင်မာသော စိတ်ဓာတ်ဖြစ်ပေါ်စေသည့်အပြင် အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းမှန်ကန်သည့်နည်းလမ်းနှင့် အားကစားစိတ်ဓာတ်အပြည့်အဝထားပြီး ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားခြင်း အားဖြင့် တရားမျှတမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အပြန်အလှန် လေးစားမှုစသည့် ကောင်းမြတ်သည့် အလေ့အထများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

**ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်း**

ထို့အပြင် အားကစားဆိုသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက်(၆) ချက်အပေါ်တွင် မူတည်နေခြင်းကြောင့် ထိုအရည်အသွေးများ ပြည့်စုံသည်ထက် ပြည့်စုံနေအောင်၊ ပြည့်ဝသည်ထက် ပြည့်ဝနေအောင် အစဉ်ကြိုးစားတည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ အားကစားနယ်ပယ် အောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပြသနေခြင်းဖြစ်သည့်အတွက် အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် ကိုယ့်အဖွဲ့အစည်းအတွက်တင် မဟုတ်ဘဲ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကိုဆပ်နိုင်သည့် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်စေရန် အထိ ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အားကစား မောင်မယ် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုနှင့် ပညာရေးဒီဂရီကောလိပ်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ကြရာတွင် “ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်” ဆိုသကဲ့သို့ မလျှော့သော ဇွဲ၊ သတ္တိ၊ ပြင်းပြသော လုံ့လတို့နှင့် “လေ့ခွက်ချည်းကျန်၊ အလံမလှဲ” ဆိုသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် သန့်ရှင်းမျှတစွာယှဉ်ပြိုင်ပြီး စည်းကမ်းကိုတန်ဖိုးထားသောကျောင်းသားကျောင်းသူများအဖြစ် မှတ်တမ်းတင်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

အားကစား မောင်တို့မယ်တို့သည် ယှဉ်ပြိုင်ကစားရာတွင် အားကစားသမား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ရဲဘော်ရဲဘက်စိတ်ထားရှိခြင်းတို့နှင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အားကစားလေ့ကျင့်ရာတွင် သော်လည်းကောင်း၊ အားကစားယှဉ်ပြိုင်ရာတွင်သော်လည်းကောင်း၊ ပွင့်လင်းမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှုတို့ ထားရှိလုပ်ဆောင်ကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပညာရေးဒီဂရီကောလိပ်များအတွက် ဂုဏ်ဆောင် ဆုတံဆိပ်များစွာရယူဆွတ်ခူးနိုင်ကြပါစေကြောင်း၊ အစဉ်အလာကြီးမားသော ပညာရေး ဒီဂရီကောလိပ်များအဖြစ် ဆက်လက် ရပ်တည်သွားနိုင်ကြပါစေကြောင်း၊ ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးမည့် ဆရာ ဆရာမလေးများအနေဖြင့် ကိုယ်တိုင် ဘက်စုံထူးချွန်နေရန် ဆက်လက်ကြိုးစား သင်ယူလေ့ကျင့်နိုင်ကြပါစေကြောင်း ပြောကြားပြီး “၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကို အားကစား မောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစား မောင်မယ် ကျောင်းသား ကျောင်းသူများက အားကစား သစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများက အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် တောင်ငူပညာရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများက Physical Fitness Dance၊ မြန်မာ့သိုင်း၊ ပုဝါက၊ မြန်မာ့ခြင်းဝိုင်းနှင့် အေရိုးဗစ် သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၀ ပါဝင် ယှဉ်ပြိုင်မည်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစား မောင်မယ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၀ ပါဝင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း အမှတ်စဉ်(၄၁)ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တက်ရောက်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက “ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖွင့်လှစ်သည့် မြန်မာနိုင်ငံအတွက် ပေးအပ်သော တရုတ်နိုင်ငံ၏အကူအညီဆိုင်ရာသီအိုရီနှင့် လက်တွေ့လုပ်ငန်းစဉ်များ” သင်တန်းတက်ရောက်ခဲ့မှုကို မျှဝေဆွေးနွေးမည်ဖြစ်၍ မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်သည့်အပြင် အရာထမ်းနှင့် အမှုထမ်းများအားလုံး သိရှိနားလည်သင့်သည့် ခေါင်းစဉ်ဖြစ်ကြောင်း၊ ယခုဆွေးနွေးမှုမှတစ်ဆင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားအကူအညီအထောက်အပံ့မူဝါဒများ၊ သီအိုရီနှင့် အတွေ့အကြုံများကို သိရှိနားလည်ကာ မိမိနိုင်ငံအတွက် ထိရောက်သောအကူအညီများဖြစ်စေရေး စံသတ်မှတ်ချက်(Standard Operating Procedures-SOP)များ လက်တွေ့ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ထိရောက်အကျိုးရှိသော ဆွေးနွေးမှုဖြစ်စေရေး ပါဝင်ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့သီက “မြန်မာနိုင်ငံအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားအကူအညီဆိုင်ရာ သီအိုရီနှင့် လက်တွေ့လုပ်ငန်းစဉ်ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့်အပေါ် အသိပညာမျှဝေခြင်း”ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံမှ ပေးအပ်လျက်ရှိသော ဘဏ္ဍာရေးအရင်းအမြစ် အကူအညီအထောက်အပံ့နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်နိုင်ငံ၏ အကူအညီအထောက်အပံ့ မူဝါဒ၊ သက်သာသောချေးငွေနှင့် ဦးစားပေးဝယ်သူ့ချေးငွေတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တို့သည် ဒုတိယဝန်ကြီးဦးရဲတင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေး နေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာ ပွဲတော် နောက်ဆုံးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပ သာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြခန်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် သဘာဝအလှရှုခင်းများအား လက်ရာမြောက်စွာ ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်း ပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ကျောင်းသား၊ လူငယ်များ ဗလ ငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စိတ်ဝင် စားဖွယ်ရာ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာန ပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးကြရာ ပြခန်းတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြည်သူများသိရှိစေရန် စနစ် တကျ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးဌာနအလိုက် စိတ်ဝင်စား ပျော်ရွှင်ဖွယ် စီစဉ်ဆောင်ရွက်ပေးထားသည့် ကစား နည်းများနှင့် ဉာဏ်စမ်းပဟေဠိကစားနည်းများတွင် ပွဲတော်လာပြည်သူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စိတ်အားတက်ကြွစွာ ပါဝင်ဆင်နွှဲနေ




လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဒုတိယဝန်ကြီးဦးရဲတင့်တို့ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ခင်းကျင်းပြသ ထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပြခန်း၏ အစီအစဉ် တစ်ခုဖြစ်သည့် ဗဟုသုတဖြစ်ထွန်းစေမည့် စာအုပ်/ စာပေကောင်းများကို စတူဒီယိုခန်းမတွင် အသံဖြင့် ဖတ်ကြားစေပြီး ဖမ်းယူရရှိသည့် အသံများကို မျက် မမြင်သင်တန်းကျောင်းများအတွက် လှူဒါန်းနိုင်ရန် ဆောင်ရွက်ထားသည့် အစီအစဉ်တွင် ပွဲတော်လာ ပြည်သူများ အသံကုသိုလ်ပါဝင်လှူဒါန်းနေမှုနှင့် ပြည်သူများတီဗီ ဖန်သားပြင်မှသာတွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ် ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုအားပေးကြ သည်။

ထို့နောက် ပွဲတော်အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးမှု အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "မနောမြေမှ တေးသံသာ" သီချင်းဖြင့် မြိုင်မြိုင်သီဆိုဖျော်ဖြေမှု များနှင့်အတူ တိုင်းရင်းသားအကအဖွဲ့များ၊ ပွဲတော် လာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တပျော်တပါး စုပေါင်းကပြဆင်နွှဲ မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ပွဲတော်အတွင်း ပြကွင်း၊ ပြကွက်များအလိုက် စိတ် အားထက်သန်စွာ ပါဝင်ဆင်နွှဲနေကြသည့် ကျောင်း သား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**အောင်မြင်စွာ ကျင်းပပြီးစီး**

အဆိုပါပွဲတော်ကို လူငယ်များ ဉာဏ်ရည် ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေး အတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှု လိုစိတ် ဖြစ်ပေါ်လာစေရန်၊ လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက် ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထား တတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာ နိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှ အပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများ မှ တစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက် လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင် နိုင်စေရန် ဒီဇင်ဘာ ၂၀ ရက် မှ ၂၂ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပပေးခဲ့ရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိက ကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ် တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပွဲတော်ကျင်းပသည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ ခန်းမကြီး ပြည့်လျှံ သည်အထိ တစ်ခဲနက်လာရောက် ပါဝင်ဆင်နွှဲခဲ့ကြပြီး ယနေ့ ညနေပိုင်းတွင် လူငယ်နှင့်စာပေအနုပညာပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားရေးရာဥပဒေများ အသိပညာပေးပွဲ တက်ရောက်

**ညောင်ဦး ဒီဇင်ဘာ ၂၂**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့ Royal Palace Hotel ၌ ကျင်းပ သည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး နှင့် အလုပ်သမားရေးရာဥပဒေ များ အသိပညာပေးပွဲသို့ တက် ရောက် အမှာစကားပြောကြား သည်။





အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ်ရှိ အလုပ်သမားရေးရာ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာတာဝန်ခံများ၊ လုပ်ငန်းရှင်များနှင့် NSSA အသိ အမှတ်ပြု စစ်ဆေးအကဲဖြတ်ရေး ဌာနများမှတာဝန်ခံများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီး ဦးဝင်းရှိန်က မန္တလေးတိုင်း ဒေသကြီးတွင် MSME လုပ်ငန်း များ အများအပြားရှိကြောင်း၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ ရေး ကျွမ်းကျင်လုပ်သားများ စဉ် ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ ဒေသခံများအနေ ဖြင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း များတွင် ပူးပေါင်းပါဝင်ရန်လိုအပ် ကြောင်း၊ ပုဂံရှေးဟောင်းယဉ် ကျေးမှုနယ်မြေသည် ပြည်တွင်း၊ ပြည်ပခရီးသည်များ အများဆုံး လာရောက်သော နယ်မြေဖြစ်၍ ဟိုတယ်နှင့် ခရီးသွားလာမှုလုပ်ငန်း အဖြစ်ထွန်းဆုံးဒေသဖြစ်ကြောင်း၊ ပုဂံဒေသဖွံ့ဖြိုးတိုးတက်စေရေး ဟိုတယ်လုပ်ငန်းတွင် ကျွမ်းကျင် ပညာရှင်များ လိုအပ်၍ လုပ်ငန်း ရှင်များအနေဖြင့် NSSA နှင့်ချိတ် ဆက်ပြီး ကျွမ်းကျင်လုပ်သားများ စစ်ဆေး အကဲဖြတ်နိုင်ရေး၊ Assessment Center များ တည် ထောင်နိုင်ရေးနှင့် NSSA စစ်ဆေး အကဲဖြတ်ခြင်းများတွင် ဝင်ရောက် ဖြေဆိုနိုင်ရေး ပူးပေါင်းပါဝင် ဆောင်ရွက်ရန် တိုက်တွန်းပြော ကြားသည်။

အလုပ်သမားဝန်ကြီးဌာနအနေ ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်း ကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်း ရေးအဖွဲ့ NSSA ကို ၂၀၀၇ ခုနှစ် တွင် စတင်ဖွဲ့စည်း၍ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ စည်းကြပ်ဆောင်ရွက်လျက်ရှိ ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း အလုပ်အကိုင် ၂၃ မျိုး အတွက် NSSA အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ် ရေး ဌာန ၃၃ ခုကို တည်ထောင်၍ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ဖြေဆို သူ ၃၆၇၈ ဦးကို စစ်ဆေး အကဲ ဖြတ်ခဲ့ရာ အရည်အသွေးပြည့်မီသူ ၃၅၁၂ ဦးကို မွေးထုတ်ပေးနိုင် ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေ များ ဆက်လက်လှူဒါန်းလျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်က အလှူငွေကျပ် သိန်း ၁၀၀ ၊ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် Nation Light ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၁၀ သိန်းစီ၊ သံအမတ် ကြီးဒေါက်တာလှမောင်(ဖောင်ဒေးရှင်း)က ငွေကျပ် ၇၀၀၀၀၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ကျန်မာရေးစစ်ဆေးခွင့်ကတ်အခု ၂၀၊ အမျိုးသားစာပေတစ်သက်တာဆုရ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)+ ဒေါ်ခင်အေးမူမိသားစုက ငွေကျပ်နှစ်သိန်း၊ ဆရာမကြီးဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်) သား-ထင်လင်းကျော်၊ သမီး- နန့်ချစ်ကြည်နှင့် ဦးဇော်အောင်ချို(မိုးစွန်ကြယ်စာပေ)တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)-ယဉ်မွှေးပန်း (ဟဲဟိုး)၊ ဦးနိုင်လင်းထွန်း- စာရေးဆရာမ မြတ်နိုးရှင်း၊ ဒေါက်တာ သိန်းဝင်း(မြသာဝင်း)၊ ဆရာရေနံ့သာမောင်ကျော်ညွန့်၊ အလုံမြို့နယ် စာရေးဆရာအသင်း၊ ဟသ်ာတမြို့နယ်စာရေးဆရာအသင်းနှင့် ရေကြည် မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ စမ်းချောင်း မြို့နယ်စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်း၊ သဇ္ဈာလှိုင်(လားရှိုး) က ငွေကျပ်တစ်သောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ- ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးအောင် သန်းဦး(ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်)တို့က လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းသိရသည်။

သတင်းစဉ်

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် အောင်မြင်စွာကျင်းပပြီးစီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ




**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။

ယနေ့သည် ပွဲတော်နောက်ဆုံးရက်ဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ်ရာ ပြသထားသည့် ပြခန်းများအားလုံးတွင် အနယ်နယ်အရပ်ရပ်မှ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များတွင်လည်း ရိုးရာအစားအသောက်များအား စိတ်အားထက်သန်စွာ လာရောက်မြည်းစမ်းကြသူများဖြင့်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**အသံဖြင့် ကုသိုလ်ယူ**

ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြခန်း၌လည်း "အသံအလှူကုသိုလ်ယူ" ဆောင်ပုဒ်ဖြင့် မျက်မမြင်သင်တန်းကျောင်းများမှ အမြင်အာရုံချို့တဲ့သူများ စိတ်ဓာတ်ခွန်အားမြင့်တက်စေရန်အတွက် ဗဟုသုတဖြစ်ထွန်းစေမည့် စာအုပ်၊ စာပေမျိုးစုံကို ဖတ်ကြားအသံသွင်း၍ အသံဖြင့် ကုသိုလ်ယူလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရာ ပွဲတော်ကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ စုစုပေါင်း ၂၂၇ ဦးတို့က စာအုပ်ပေါင်း ၅၆ အုပ်ကို ဖတ်ကြားပြီး အသံကုသိုလ်အဖြစ် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ယင်းပြခန်း၌ပင် ပြည်သူများ တီဗီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့်ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပြခန်းတွင် ရေယာဉ်မောင်းနှင်မှုသရုပ်ပြကွက်၊ သင်္ဘောModel ပုံစံငယ်များပြကွက်၊ ရေယာဉ်တည်ဆောက်သည့်အချိန်တွင် အသုံးပြုသည့် ဂဟေဆက်ခြင်းသရုပ်ပြကွက်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကျောင်းပုံစံငယ်ပြကွက်၊ လေကြောင်းပြခန်းတွင် စိတ်ဝင်စားဖွယ်ရာ လေယာဉ်ပုံစံငယ်များပြကွက်၊ မြန်မာ့မီးရထားပြခန်းတွင် ရန်ကုန်မြို့ပတ်ရထားလမ်းပြေးဆွဲမှုပုံစံငယ်ပြကွက်နှင့် ရထားပုံစံအမျိုးမျိုးတို့ကို ပြကွက်မျိုးစုံဖြင့် ခင်းကျင်းပြသထားရာ ရေကြောင်းနှင့် လေကြောင်းပညာရပ်တို့ကို စိတ်ဝင်စားကြသည့် ကျောင်းသားလူငယ်များအတွက် စိတ်အားထက်သန်ဖွယ်ရာ ပြကွင်းပြကွက်များဖြစ်ခဲ့ပြီး လာရောက်လေ့လာကြသူများဖြင့်တစ်ခဲနက် စည်ကားခဲ့သည်။

**အထူးစည်ကားလျက်ရှိ**

အလားတူ ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ်ရာ စီစဉ်ပြုလုပ်ထားသည့် ကစားနည်းများနှင့် ဉာဏ်ရည်ဉာဏ်သွေး၊ အသိပညာဗဟုသုတများနှင့် ပေါင်းစပ်ဖြေဆိုရသည့် ဉာဏ်စမ်းပဟေဠိ ကစားနည်းများတွင်လည်း လာရောက်ပါဝင်ဖြေဆိုကြသည့် ကျောင်းသား၊ လူငယ်များဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် ကစားနည်းများနှင့် ပဟေဠိမေးခွန်းများကို ဖြေဆိုအောင်မြင်ကြသူများကိုလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ချီးမြှင့်သည့်အစီအစဉ်ကြောင့်လည်း ပိုမိုပျော်ရွှင်ဖွယ်ရာဖြစ်စေခဲ့သည်။

ပညာရေးဝန်ကြီးဌာန၏ ဆရာအတတ်ပညာရေးပြခန်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးပြခန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးပြခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားပြခန်း၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာပြခန်းတို့တွင် ပညာရေးနှင့်ပတ်သက်သည့် ဗဟုသုတစာပေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂေဟစနစ်ဆိုင်ရာပြကွက်များ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များဆိုင်ရာ လက်တွေ့စမ်းသပ်ဆောင်ရွက်နေမှုများကို စာတွေ့၊ လက်တွေ့ ရှင်းလင်းဆောင်ရွက်ပေးခဲ့ရာ စိတ်ဝင်တစား လာရောက်လေ့လာကြသည့် အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း ပွဲတော်လာ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားများအား စမတ်ကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကိုယ်ရေးအချက်အလက်များ ကောက်ယူစိစစ်ပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် UID နံပါတ်များ တစ်ချိန်တည်းထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ဆိုင်ဘာလုံခြုံရေးပြခန်းတွင်လည်း ဆိုင်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အသိပညာပေး ပိုစတာများပြသခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဆိုင်ဘာလုံခြုံရေးနှင့်ပတ်သက်သည့် အခြေခံပညာ၊ တက္ကသိုလ်နှင့် ပညာရှင်အဆင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများကို ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားခြင်းတို့ကြောင့်လည်း စိတ်ဝင်စားဖွယ်ရာပြခန်းတစ်ခုဖြစ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**မေးမြန်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် MRTV – 4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များက ဦးဆောင်၍ လူငယ်နှင့် စာပေ၊ အနုပညာဆက်စပ်မှုရှိပုံ၊ အသက်အရွယ်အပိုင်းအခြားအလိုက် စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ လူငယ်ဘဝမှစတင်၍ လူတိုင်းအပေါ်တွင်စိတ်ကောင်းစေတနာကောင်းအရင်းခံကာ ပေါင်းသင်းဆက်ဆံပါက အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများ၊ လူငယ်ဘဝတွင် နေထိုင်ပြုမူရမည့် အမူအကျင့်များနှင့် တွေ့ကြုံရမည့်အခက်အခဲများ၊ ဝါသနာပါရာ အတတ်ပညာတစ်ခုခုကို တစိုက်မတ်မတ် ဇွဲရှိရှိကြိုးစားပါက ထူးချွန်သည့် လူတော် လူကောင်းများဖြစ်လာနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊လူငယ်များကလည်း မိမိတို့သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က လူငယ်စကားဝိုင်းများတွင် ဦးဆောင်ပါဝင်ဆွေးနွေးခဲ့ကြသည့် MRTV – 4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့ပြင် ပွဲတော်အတွင်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိတန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံအနုပညာကို ချစ်မြတ်နိုးကြသည့်ပညာရှင်များနှင့် ဝါသနာရှင်များက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှ ဝန်ထမ်းများနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့် ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်လက်ပေါ့ပါးစွာ ကြည့်ရှုအားပေးကြသည်။

**ကြိတ်ကြိတ်တိုးစည်ကား**

ပွဲတော်သို့လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများအနေဖြင့် စိတ်ဝင်စားဖွယ်ရာပြသထားသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာရင်း အမောပြေတိုင်းရင်းသားများ၏ ရိုးရာအစားအသောက်များကို နှစ်သက်စွာဖြင့် အလွယ်တကူစားသုံးနိုင်ရန်အတွက် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချပေးခဲ့ရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက်စားသုံးဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်သို့လာရောက်ကြသူများ တစ်စုံတစ်ရာ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို စနစ်တကျဆောင်ရွက်ထားသည်။

ညနေပိုင်းတွင် ပွဲတော်အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးမှု အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "မနောမြေမှတေးသံသာ" သီချင်းဖြင့် မြူးမြူးကြွကြွ သီဆိုဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားအကအဖွဲ့များ၊ ပွဲတော်လာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တပျော်တပါး စုပေါင်းကပြဆင်နွှဲမှုများကြောင့်လည်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပျော်ရွှင်ဖွယ်ရာပွဲတော်ကြီးအဖြစ် ကျင်းပပြီးစီးခဲ့သည်။

လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပပေးခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ လူငယ်များအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေမည့်အကြောင်းအရာများ၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာနိုင်စေမည့် အကြောင်းအရာများကို စာတွေ့လက်တွေ့ ပြသပေးနိုင်ခဲ့သည့်အတွက် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အနာဂတ်နိုင်ငံ့ခေါင်းဆောင် ကျောင်းသားလူငယ်များ အသိအမြင်ဗဟုသုတကြွယ်ဝစေရန် ဆည်းပူးလေ့လာနိုင်ခဲ့သည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ကြောင်း သိရှိရသည်။

**သတင်း – အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ –ကိုကိုအေး၊ ဖိုးပြည့်စုံ**



# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် တတိယနေ့မြင်ကွင်း

နေပြည်တော် ဒီဇင်ဘာ ၂၂

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့တွင် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲမှုများကို ဖော်ပြအပ်ပါသည်-



















# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် တတိယနေ့ မြင်ကွင်း


















# အခုလို လူငယ်နှင့် စာပေအနုပညာပွဲတော်ကြီးကို ကျင်းပပေးတဲ့အတွက် လာရောက်လေ့လာကြည့်ရှုကြတဲ့ လူငယ်တွေအနေနဲ့ အနာဂတ်ကာလမှာ ဘာတွေဆက်လုပ်သင့်တယ်ဆိုတဲ့အတွေးအမြင်တွေကိုပါ ရရှိစေမယ်လို့ ယုံကြည်ပါတယ်။

မောင်လင်းထက်နိုင်

## တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ- အလင်းသစ်၊ နေမျိုး

နိုင်ငံတစ်နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်တွင် ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်သည် အဓိကကျသောကဏ္ဍတစ်ရပ်ဖြစ်ပေသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း ပညာသည်အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် ယနေ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာများကို ပိုမိုမြင့်မားစေရန်ရည်ရွယ်လျက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)တွင် ကျင်းပလျက်ရှိသည်။ ယင်းပွဲတော်သို့ မူကြိုအဆင့်မှသည် တက္ကသိုလ်ပညာသင် ကျောင်းသား ကျောင်းသူများ၊ မိသားစုများလည်း စည်ကားသိုက်မြိုက်စွာ လာရောက်လေ့လာလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။


ကိုဝင်းထိုက်အောင်


မောင်လင်းထက်နိုင်


ဒေါ်ကလျာချောစု


မောင်ခန့်ဝေယံထွန်း


မသီရိမေ

**ကိုဝင်းထိုက်အောင်**
**လက်ထောက်ကထိက**
**မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်**
**ရေကြောင်းကဏ္ဍပြခန်းတာဝန်ခံ**

ရေကြောင်းကဏ္ဍ ပြခန်းမှာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ကနေ ပြခန်းပြကွက်အဓိကသုံးမျိုးခွဲပြီး ပြသထားပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍဆိုပြီး အားလုံးသုံးမျိုးပြသထားပါတယ်။ရေကြောင်းကဏ္ဍမှာဆိုရင် ဌာနကြီးခြောက်ခု ဝင်ပြီးပြသထားပါတယ်။ အဲဒီဌာနတွေကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်နဲ့ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်ကနေ တာဝန်ကျတဲ့အတွက် လာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ လူငယ်နှင့် စာပေပွဲတော်စတင် ကျင်းပကတည်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပါဝင်ပြသခဲ့ပါတယ်။ ဒီနှစ်မှာတော့ လူငယ်တွေက သင်္ဘောကို ပိုပြီးစိတ်ဝင်စားမှုရှိလာတယ်။ တက္ကသိုလ်တွေမှာလည်း ရေကြောင်းတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့ကို တက်ရောက်ပြီး လူငယ်တွေအနေနဲ့ သင်္ဘောအရာရှိဖြစ်နိုင်မယ့် လမ်းကြောင်းတွေကို စိတ်ဝင်တစား မေးမြန်းကြတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ကမ်းရိုးတန်းပိုင်နက်အနေနဲ့ မိုင် ၁၀၀၀ ကျော်ပိုင်ပါတယ်။ ရခိုင်ကနေ တနင်္သာရီအထိ ကမ်းရိုးတန်းမိုင်ထောင်ချီပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ရေကြောင်းကဏ္ဍနဲ့ ပတ်သက်ပြီး လုပ်ငန်းဆောင်တာတွေ အများကြီးရှိပါတယ်။ သင်္ဘောတည်ဆောက်ရေးအပိုင်း၊ ကမ်းရိုးတန်းမှာရှိတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ နိုင်ငံအချင်းချင်း ကုန်စည် စီးဆင်းမှုတွေမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အများကြီးလုပ်နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရေကြောင်းအကျိုးစီးပွားလို့ပြောရင်လည်း ရပါတယ်။ အဲဒီရေကြောင်းအကျိုးစီးပွားကို လူငယ်တွေအနေနဲ့ စိတ်ဝင်စားလာမယ်၊ မြန်မာနိုင်ငံမှာ ကျွမ်းကျင်တဲ့ပညာရှင်တွေ အများကြီး ပေါ်ပေါက်လာမယ်ဆိုရင် ပြခန်းပြကွက်အနေနဲ့ လာရောက်ပြသရတာ ပင်ပန်းရကျိုးနပ်မယ်လို့ ထင်ပါတယ်။

**မောင်လင်းထက်နိုင်**
**Grade(9)**
**အထက(၅) နေပြည်တော်**

အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လာရောက်ဖြစ်ခဲ့တာကတော့ ကျောင်းကစီစဉ်ပေးလို့ ဖြစ်ပါတယ်။ အခုပွဲတော်မှာ တော်တော်များများ လေ့လာကြည့်ရှုပြီးပါပြီ။ အများစုကြည့်ရှုဖြစ်ခဲ့တာကတော့ ဗဟုသုတရရှိစေမယ့် အရာတွေများပါတယ်။ စာပေဖတ်ရှုမှုအနေနဲ့ကတော့ စာပေါင်းစုံအကုန်ဖတ်ပါတယ်။ စာပေဆိုတာ လေ့လာနိုင်လေလေ ပိုကောင်းတာဖြစ်တာမို့ ဘယ်လိုစာပေမျိုးမဆို အကုန်ဖတ်တာပါ။ အခုလို လူငယ်နှင့် စာပေအနုပညာပွဲတော်ကြီးကို ကျင်းပပေးတဲ့အတွက် လာရောက်လေ့လာကြည့်ရှုကြတဲ့ လူငယ်တွေအနေနဲ့ အနာဂတ်ကာလမှာ ဘာတွေဆက်လုပ်သင့်တယ်ဆိုတဲ့ အတွေးအမြင်တွေကိုပါ ရရှိစေမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်နဲ့ အတန်းဖော်သူငယ်ချင်းအများစုကလည်း အွန်လိုင်းမှာ ဖတ်ရတဲ့ စာထက် စာအုပ်စာစောင်တွေကို ဖတ်ရတာကို ပိုပြီးနှစ်ခြိုက်ကြပါတယ်။ အခြားသူငယ်ချင်းတွေကိုလည်း အသိပညာဗဟုသုတတွေ ရရှိစေဖို့စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်ကလျာချောစု**
**ဒုတိယညွှန်ကြားရေးမှူး**
**အမျိုးသားပြတိုက်(နေပြည်တော်)**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်းတာဝန်ခံ**

(၇၆)နှစ်မြောက် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စာပေအရေးသား ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်း အချက်အလက်တွေကို ခင်းကျင်းပြသထားပါတယ်။ အုတ်ခွက်စာ၊ မင်စာ၊ စဥ့်ကွင်းစာတွေ၊ ရွှေပေချပ်တွေ၊ စောလူမင်းကျောက်စာ၊ ကျန်စစ်မင်းကျောက်စာတွေကို အထောက်အထားတွေနဲ့တကွ စာပေနဲ့ပတ်သက်တဲ့ သမိုင်းစာတွေကို လာရောက် ခင်းကျင်းပြသတာဖြစ်ပါတယ်။ ကမ္ဘာကနေ အသိအမှတ်ပြုတဲ့ မြန်မာ့စာပေယဉ်ကျေးမှု အမွေအနှစ်ရရှိတဲ့ လောကမာရဇိန် ကုသိုလ်တော်ဘုရားကျောက်စာဟာဆိုလို့ရှိရင် သမိုင်းဝင်ကျောက်စာလည်းဖြစ်ပါတယ်။ အချပ်ရေပေါင်း ၇၂၉ ချပ်ရှိပြီး ၁၉၆၀ ကနေ ၁၉၆၈ ခုနှစ်အထိရေးထိုးခဲ့တဲ့ ကုသိုလ်တော်ဘုရားကျောက်စာဟာ ကမ္ဘာ့အကြီးဆုံးစာအုပ်အဖြစ် သတ်မှတ်နိုင်ဖို့ ကျောက်ထက်အက္ခရာတင်ထားတဲ့ အပြည့်စုံဆုံးတစ်ခုတည်းသော၊ တစ်မူထူးခြားသော မှတ်တမ်း အမွေအနှစ်ဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက်မှာ တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပတဲ့ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီရဲ့ (၁၁)ကြိမ်မြောက် အစည်းအဝေးမှာ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းရရှိခဲ့တယ်ဆိုတဲ့အကြောင်း ကျွန်မတို့ဌာနကိုယ်စားပြုအနေနဲ့ ထည့်သွင်းပြသထားတာ ဖြစ်ပါတယ်။ မြစေတီကျောက်စာဆိုရင်လည်း အဲဒီလိုပဲ ၂၀၁၅ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒ့ါအပြင် အလောင်းမင်းတရားကြီးရဲ့ ရွှေပေလွှာဆိုရင်လည်း ဂျာမနီ၊ အင်္ဂလန်နဲ့ မြန်မာ စတဲ့ သုံးနိုင်ငံပေါင်းပြီး လက်မှတ်ရေးထိုးမှ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ရရှိခဲ့တာ ဖြစ်ပါတယ်။ အလောင်းမင်းတရားကြီးရဲ့ ရွှေပေလွှာဟာဆိုရင် အလောင်းမင်းတရားကြီး ပေးပို့လိုက်တဲ့ မူရင်းစာ အရေးအသားတွေကို ဖော်ပြထားပါတယ်။ ခေတ်သုံး အရေးအသားတွေကိုလည်း လူငယ်တွေ လေ့လာနိုင်အောင် ခင်းကျင်း ပြသထားပါတယ်။ ခေါင်းလောင်းစာ ဆိုရင်လည်း ၂၀၁၇ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့တယ်။ အဲဒီလို ခင်းကျင်းပြသထားတာဟာ ကျွန်မတို့နိုင်ငံက လူငယ်တွေအနေနဲ့ ကိုယ့်နိုင်ငံနဲ့ လူမျိုးကို လူငယ်တွေ ဂုဏ်ယူရအောင် ဒီပြခန်းမှာ ခင်းကျင်းပြသထားတာ ဖြစ်ပါတယ်။ မြန်မာ့စာပေသမိုင်းကို ကမ္ဘာကတောင် အသိအမှတ်ပြုရပါလားဆိုတဲ့အသိ လူငယ်တွေရဲ့ စိတ်ထဲမှာ စွဲထင်သွားအောင် ပြသတာလည်းဖြစ်ပါတယ်။

**မောင်ခန့်ဝေယံထွန်း**
**Grade(9)**
**CAE ကိုယ်ပိုင် အထက်တန်းကျောင်း**

ကျွန်တော်က စာဖတ်တာကို ဝါသနာပါပါတယ်။ တက္ကသိုလ်ဘုန်းနိုင်၊ ဆရာမဂျူးနဲ့ အကြည်တော်တို့ရဲ့ စာအုပ်တွေကို အဖတ်များပါတယ်။ တက္ကသိုလ်ဘုန်းနိုင်ဆိုရင် အရင်ကအကြောင်းအရာတွေကို သမိုင်းကြောင်းကိုပါပါအောင် ရေးထားတာဖြစ်လို့ ဖတ်လို့အရမ်းကောင်းသလို နိုင်ငံရေးနောက်ခံသမိုင်းတွေကိုလည်း သိရပါတယ်။ ဆရာမဂျူးရဲ့စာပေတွေကတော့ အမျိုးသမီးတွေအတွက် ခွန်အားဖြစ်စေတဲ့စာတွေလို့ ထင်ပါတယ်။ ကျွန်တော်ကတော့ အများအားဖြင့် စာအုပ်ကိုပဲဝယ်ဖတ်တာ များပါတယ်။ အွန်လိုင်းမှာ ဖတ်ရတာကြတော့ ဖုန်းနဲ့ ဖတ်ရတာတွေရှိမယ်။ ကွန်ပျူတာနဲ့ ဖတ်ရတာရှိမယ်။ အဲဒီလိုဖတ်ရင် မျက်လုံးကိုလည်း ထိခိုက်စေမယ်။ ဖုန်းကိုလည်း အချိန်ပေးသလိုလည်းဖြစ်မယ်။ စာအုပ်ဖတ်ရတဲ့အနှစ်သာရကတော့ ပိုပြီးကောင်းတယ်လို့ ထင်ပါတယ်။ တက္ကသိုလ်ဘုန်းနိုင်စာအုပ်တွေဖတ်တဲ့အခါ အချစ်အကြောင်းတွေဆိုပေမယ့် သမိုင်းအကြောင်းအရာတွေသိရတယ်။ စာဖတ်တဲ့သူက အများနဲ့ယှဉ်ရင်လည်း စာဖတ်ထားတဲ့အတွက် အားငယ်စရာမရှိဘူး။ စာမဖတ်တဲ့လူကတော့ ဗဟုသုတလည်း မရှိသလို တွေးခေါ်မြော်မြင်နိုင်စွမ်းလည်း မရှိတာကြောင့် လူပုံအလယ်မှာ အားငယ်ရတာတွေရှိတာတွေရှိတယ်။ ဒါကြောင့် မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း စာဖတ်ဖို့တိုက်တွန်းလိုပါတယ်။ အခုလိုမျိုး လူငယ်နှင့် စာပေအနုပညာပွဲတော်တွေကိုလည်း နှစ်စဉ်ကျင်းပပေးနိုင်မယ်ဆိုရင် ပွဲတော်ကိုလာရောက်တဲ့ လူငယ်မောင်မယ်တွေလည်း အသိပညာ ဗဟုသုတတွေရရှိဖို့ ဘာဆက်လုပ်ရမယ်ဆိုတာ ဆုံးဖြတ်ချက်ချနိုင်မယ်လို့ မြင်မိပါတယ်။

**မသီရိမေ**
**Grade(9)**
**အထက-ညောင်လွန့်**

သမီးကတော့ အခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်)မှာ ပညာသင်ယူနေတဲ့ မသီရိမေဖြစ်ပါတယ်။ အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ကျောင်းအစီအစဉ်နဲ့ လာရောက်လေ့လာခြင်း ဖြစ်ပါတယ်။ ကျောင်းပညာသင်ကြားနေချိန်ဖြစ်လို့ ပြင်ပစာတွေတော့ သိပ်မလေ့လာဖြစ်သေးပါဘူး။ အခုလူငယ်နှင့် စာပေအနုပညာပွဲတော်ကို ရောက်ရှိလေ့လာခွင့်ရတဲ့အချိန်မှာ ကျောင်းစာအပြင်ပြင်ပက ဗဟုသုတရရှိစေမယ့် စာပေတွေကို လေ့လာရမယ်ဆိုတာ သမီးအနေနဲ့ သိခွင့်ရရှိခဲ့ပါပြီ။ စာမေးပွဲပြီးရင်တော့ ပြင်ပစာပေဗဟုသုတတွေကို အချိန်ရရင်ရသလို လေ့လာမယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဗလငါးတန်နှင့် ပြည့်စုံသော ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပသော (၇၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်လာ လူငယ်မောင်မယ်များ၊ အသိပညာဗဟုသုတများကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသလျက်ရှိသော ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါကြောင်း။ ။

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လတ်တလော ကိုဗစ်-၁၉ ရောဂါသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေမှ ရုပ်သိမ်းခဲ့ပြီး ဖြစ်သော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းအချို့ နိုင်ငံများတွင် ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လျက် ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင် ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက် ၍ ညှိနှိုင်းဆွေးနွေးရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ် ကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း လတ်တလောဖြစ်ပွားမှုအခြေအနေ၊ မျိုးရိုးဗီဇပြောင်း ရောဂါပိုးထပ်မံတွေ့ရှိမှု၊ မြန်မာနိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ သုံးသပ်ချက် များနှင့် ကာကွယ်ထိန်းချုပ်ရေး ဆက်လက်ဆောင်ရွက် မည့်အစီအစဉ်များ၊ ကာကွယ်ဆေးထိုးနှံမှု ဆက်လက် ထိုးနှံမည့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ရောဂါ ဆေးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ပြည်သူ့ဆေးရုံ များတွင် ပြင်ဆင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမား တော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်း ရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ နှင့် ဆေးဝါးဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။



မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခဒေါက်တာစန်းစန်းနွဲ့က သဘာပတိ အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ပါမောက္ခ ဦးအောင်ကျော်မင်းတို့က သဘာပတိအဖွဲ့ဝင်များ အဖြစ်လည်းကောင်း ဆောင်ရွက်ကြပြီး မန္တလေးတိုင်း ဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ပါမောက္ခဦးဝင်းစိုး က "ကိုယ်တွေ့အာယုဗ္ဗေဒ ကုထုံးများလာ လိုတိုင်းရ အပူကျဆေးကို စာပေသုတေသနအမြင်ဖြင့် လေ့လာခြင်း"၊ ရှမ်းပြည်နယ် ကျိုင်းတုံမှ ညီလာခံကိုယ်စားလှယ် ဦးမင်းဟန်နှင့်အဖွဲ့က "အာခါ ရိုးရာတိုင်းရင်းသားတို့၏ ကျန်းမာရေးဆိုင်ရာရိုးရာ ဓလေ့များနှင့် ကြီးရွှေကုသမှုကို လေ့လာခြင်း"၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်ကေသီမာက "သတ္တုအကြောင်းသိကောင်းစရာ"၊ မကွေးတိုင်းဒေသကြီးမှ ကိုယ်စားလှယ် ဒေါ်မြင့်မြင့် ကြည်က " ဆီးဖြူနှင့် ရသာယနသတ္တိ "၊ တိုင်းရင်း ဆေးပညာဦးစီးဌာနမှ ဒေါ်နေနေနိုင်ရည်က "ဝိဇ္ဇာ ဓရနယ ဆေးပညာရပ်၌ အကျုံးဝင်သည့် နဝရတ် ကိုးပါး၏ ဂုဏ်စွမ်းအားများသည် လူသားတို့၏ လောကီရေးရာနှင့် ကျန်းမာရေးအတွက် တိုက်ရိုက် ဆက်စပ်အကျိုးကျေးဇူးရှိနေခြင်းကို တိုင်းရင်းဆေး ပညာနှင့်ယှဉ်တွဲပြီး စာပေအထောက်အထားများအရ လေ့လာတင်ပြခြင်းအား ဖော်ထုတ်လေ့လာခြင်း" ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားကြသည်။

**စာတမ်းများဖတ်ကြား**

မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီနာယက ဦးမြင့်လွင်က သဘာပတိအဖြစ် လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသိန်းဇော်လင်းနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်တို့က သဘာပတိအဖွဲ့ဝင်များအဖြစ် လည်းကောင်း ဆောင်ရွက်ကြပြီး ပဲခူးတိုင်းဒေသကြီး မှ ဒေါ်ခင်မျိုးဆွေနှင့်အဖွဲ့က "ငန်းဖျားရောဂါအား လေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မေသန်း မြင့်ထွေးနှင့်အဖွဲ့က "အရေပြားရောဂါ (ဝဲ၊ ယားနာ၊ ပွေး၊ ဒက်၊ အနာစက်)၌ ဆေးအမှတ်(၆)၊ ဆေးအမှတ် (၂၁)နှင့် အုန်းဆီတို့ ပေါင်းစပ်လိမ်းကျံစေခြင်းဖြင့် သက်သာပျောက်ကင်းမှုအား လေ့လာခြင်း"၊ တိုင်းရင်း ဆေးတက္ကသိုလ်မှ ဒေါ်ခိုင်ဇာလင်းနှင့်အဖွဲ့က "အနာပေါက်ရောဂါကုထုံးအစဉ်များမှ အနာတင် ဆေးအဖြစ် အသုံးပြုသော အသားနုတက် ဖယောင်း ချက်အားလေ့လာခြင်း"၊ ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဇာဇာဌေး (မှန်ချို)က "တိုးချဲ့စိုက်ပျိုးထိန်းသိမ်းသင့်သော ဆေးဖက်ဝင် ဇာတိပ္ဖိုလ်ပင်"၊ ကချင်ပြည်နယ်မှ ညီလာခံကိုယ်စား လှယ် ဦးတန်လီက "ကချင်တိုင်းရင်းသားများ မိရိုး ဖလာအသုံးပြုခဲ့သည့် ဆေးဖက်ဝင်အပင်များ" ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားကြပြီး နှီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေး အကြံပြုကြကာ ပညာရပ်များနှီးနှောဖလှယ်ကြသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှော ဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းရင်း ဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှော ဖလှယ်ပွဲတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင် အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများ၊ စာတမ်းရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြသော တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ဇီးကုန်း ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ နယ် ပြည်သူ့ဆေးရုံ၌ ယမန်နေ့ က မြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာ ရေးစောင့်ရှောက်မှုများ ဆောင်ရွက် ပေးခဲ့သည်။

**စစ်ဆေးကုသ**

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ တင်နန္ဒာဝင်း ဦးဆောင်၍ ကျန်းမာ ရေးဝန်ထမ်းများက အခြေခံရောဂါ ရှာဖွေစမ်းသပ် စစ်ဆေးခြင်း၊ ကြိုတင် ရောဂါရှာဖွေခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ဆီးချိုသွေးချို တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းများ ပြုလုပ်ပေး ပြီး လိုအပ်သောဆေးဝါးနှင့် ကုသ ခြင်းများကို အခမဲ့စစ်ဆေးကုသ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၈၉ ဦး ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်းနှင့် လစဉ် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ညောင်လေးပင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေး ပင်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ ကြီး၌ ယမန်နေ့နံနက် ၉ နာရီခွဲက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ပင်စင်ထုတ်ယူသည့် ၂၁ ရက်နေ့တိုင်း ကျန်းမာရေးစောင့် ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ သည်။



ယင်းသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စောကလျာ ဦးဆောင်၍ ကျန်းမာ ရေးဝန်ထမ်းများက အငြိမ်းစား ဝန်ထမ်း ၁၄၅ ဦးအား ဖြစ်ပွားနေ သည့်ရောဂါများအလိုက် စမ်းသပ် စစ်ဆေးပေးပြီး လိုအပ်သော ဆေးဝါးနှင့် ကုသခြင်းများကို အခမဲ့ ကုသဆောင်ရွက်စစ်ဆေး ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့် ရှောက်မှုများ ပြုလုပ်ပေးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင် များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ဝန်ထမ်းများ လာ ရောက်အားပေးကူညီခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ Basic Course For Broadcast Engineering သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ ဝန်ထမ်းများအတွက် Basic Course For Broadcast Engineering သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်(တပ်ကုန်း) ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Training Room ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် Power and Aircon၊ Basic Electronic Equipment၊ Audio System၊ Video System၊ Lighting System ဘာသာရပ်များ အပါအဝင် နည်းပညာဘာသာရပ် ၁၄ မျိုးကို ဌာနတွင်းမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြင်ပနည်းပြများ အဖြစ် ပြည်တွင်း၊ ပြည်ပနည်းပြများက အွန်လိုင်းဖြင့် ဆက်သွယ်ပို့ချခြင်းအပါအဝင် လက်တွေ့လေ့ကျင့်ခြင်း၊ ကျွမ်းကျင်တတ်မြောက်မှု ဆန်းစစ်ခြင်းများဖြင့် သင်တန်းသား ၁၅ ဦးအား ဒီဇင်ဘာ ၄ ရက်မှ ၂၂ရက်အထိ သုံးပတ်ကြာ သင်ကြားလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွာလာလမ်ပူမြို့လယ် မြန်မာဆိုင်များရှိရာ ကုန်တိုက်မှ အထောက်အထားမဲ့သူများအား မလေးရှားတာဝန်ရှိသူများက ဝင်ရောက်ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ကွာလာလမ်ပူမြို့လယ်ကောင် မြန်မာဆိုင်များရှိရာ ကုန်တိုက်မှ အထောက်အထားမဲ့သူများအား မလေးရှားတာဝန်ရှိသူများက အင်အားအများအပြားဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး အခြားနေရာများတွင်လည်း အလားတူဖမ်းဆီးမှုများရှိနေကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။



ကုန်တိုက်တွင် ဖမ်းဆီးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရေးအဖွဲ့တွင် မလေးရှားမှအလုပ်သမားဆိုင်ရာဌာနပေါင်းစုံပါဝင်ကာ အင်အားအများအပြား သုံးခဲ့ခြင်းဖြစ်သည်။

“နိုင်ငံခြားသားအလုပ်သမားကိုမှ အထောက်အထား ရှိရှိ၊ မရှိရှိ ဖမ်းတာ။ ပြီးမှအထောက်အထား ရှိရင်တော့ ပြန်လွှတ်မှာပေ့ါ။ အဲဒီမှာ မြန်မာဆိုင်အများစု ရှိတယ်။ မြန်မာလုပ်ငန်းရှင်တွေများတယ်”ဟု မြန်မာလူမှုကူညီရေးအသင်း (မလေးရှား)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ယခုဖမ်းဆီးခြင်းမှာ အထောက်အထားမဲ့ လုပ်သားများကို ထုတ်ပေးသည် R2K ပါမစ်ကြောင့်ဖြစ်နိုင်ပြီး အဆိုပါ ပါမစ်မှာ သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည့်အပြင် အတုများလည်းရှိနေသောကြောင့် ယခုကဲ့သို့ ရှောင်တခင် ဝင်ဖမ်းခြင်းဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။

“ပါမစ်လုပ်မယ်ဆို ရင်းဂစ်ခုနစ်ထောင်ကနေ ကိုးထောင်လောက်အထိ ရှိတယ်။ အခု ဖမ်းတာက တချို့ဆိုင်ဆို တံခါးတွေပါဖျက်ပြီးဝင်တာ။ အထောက်အထားမရှိရင် တရားမဝင်နေထိုင်မှုနဲ့ ဖမ်းမှာပေ့ါ။ တခြား နေရာတွေမှာလည်း အလားတူဖမ်းတာမျိုးရှိတယ်” ဟု အဆိုပါတာဝန်ရှိသူကပြောသည်။ မလေးရှားနိုင်ငံ၏ လက်ရှိအခြေအနေများကြောင့် MoU အလုပ်သမားများမှအပ တရားမဝင်အလုပ်သမားများ မလာရောက်ကြစေလိုကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား)မှ သိရသည်။

လက်ရှိအချိန်သည် မလေးရှားနိုင်ငံ၌ တရားမဝင်ပြည်ပအလုပ်သမားများအား နှစ်စဉ်ဖမ်းဆီးသည့်အချိန်ဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာ ၃၁ ရက်မှာ မလေးရှားနိုင်ငံ၏ သတ်မှတ်ချက်အရ သက်တမ်းတိုးမည့်ကိစ္စများ၊ ပါမစ်လျှောက်သည့်ကိစ္စများ ပြီးဆုံးမည့်အချိန်လည်း နီးကပ်နေသည့်အတွက် နေရာတိုင်းတွင် အဖမ်းအဆီးများဖြင့် တင်းကျပ်လျက်ရှိကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) မှ သိရသည်။

**သစ်တော်**

# မိုးညိုမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေး

**မိုးညို ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးကောင်းမွန်စေရေးအတွက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် တိုက်နယ်ဆရာဝန် ဒေါက်တာကောင်းမြတ်ထက်နှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၄၅ ဦးအား ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ဆေးဝါးနှင့်ကုသခြင်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



# လွိုင်လင်မူလတန်းကြိုကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လွိုင်လင်မူလတန်းကြိုကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က ကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသည့် ကလေးငယ်များအား ဆုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘီးလင်းမြို့၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော

**ဘီးလင်း ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။



**အသိပညာပေး**

ဟောပြောပွဲတွင် အ-ထ-က (နှင်းပုလဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းပြ ဆရာမဒေါ်မေဦးခင်က လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများနှင့် လွတ်လပ်ရေးနေ့ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသော ကျောင်းသား ကျောင်းသူများကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မီးသွေးဖုတ် စက်တစ်မျိုးကို ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက တီထွင်ထုတ်လုပ်

ရန်ကုန် ဒီဇင်ဘာ ၂၂

မီးသွေးဖုတ်လုပ်ငန်းကို အပြောင်းအလဲဖြစ်စေနိုင်မည့် မီးသွေးကို စီးပွားဖြစ်ထုတ်လုပ်နိုင်သော စက်အမျိုးအစား တစ်မျိုးကို ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက တီထွင်ထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။

အဆိုပါစက်ကို လုပ်ငန်းရှင် ဦးကိုဦးက တီထွင်ဖန်တီးရောင်းချနေခြင်းဖြစ်ကာ တစ်နိုင်တစ်ပိုင် မီးသွေးဖုတ်လုပ်ငန်းကို လုပ်ကိုင်မည့် လောင်စရာပစ္စည်း မည်သည့်ပစ္စည်းမဆို မီးသွေးအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပြီး ၁၀ နာရီအတွင်း တစ်တန်ထွက်သော မီးသွေးဖုတ်ဖို အသေးစားကို ငွေကျပ် ၂၅ သိန်းမှစ၍ ဝယ်ယူနိုင်ကြောင်း သိရသည်။ "အလုပ်လုပ်ပုံ အနေနဲ့ဒီစက်က ဘယ်နေရာက ပစ္စည်းကိုမဆို မီးသွေးဖြစ်အောင် လုပ်ပေးတယ်။ ထင်းတစ်ခုတည်းကမဟုတ်တော့ဘဲ လောင်စရာပစ္စည်းမှန်သမျှ မီးသွေးဖြစ်တယ်လေ။ မီးရှို့လို့ရတဲ့ပစ္စည်းမှန်သမျှ သစ်ရွက်ခြောက်ကအစ ရတယ်" ဟု ဦးကိုဦးက ပြောသည်။

ထို့နောက် စပါးခွံလောင်စာတောင့်သုံး Gasifier အမျိုးအစားကိုလည်း တီထွင်ထားပြီး စိတ်ဝင်စားမှုမြင့်တက်နေကြောင်း၊ ဖန်တီးမှုများသည် ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် မီးသွေးစက်ကို ဝယ်ယူသူများလည်း ရှိနေကြောင်း သိရသည်။

**MT**



# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၃)သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အခြေခံပညာ ဆရာ ဆရာမ များ အထူးမွမ်းမံ သင်တန်းများကို နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ စိတ်ဓာတ်နှင့်စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ အခြေခံပညာနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက် စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက် ပြောင်းလဲလာသော သင်ကြားနည်း စနစ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို ရိုးသားကြိုးစားထမ်းဆောင်ကာ မိမိအလုပ်အပေါ် ချစ်ခင်မြတ်နိုး တန်ဖိုးထားကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၃)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈၅ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ လူငယ်စကားဝိုင်းကျင်းပ

သထုံ ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ် (သထုံ)တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတမြင့်မားပြီး ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် (သထုံ) မှ ပဉ္စမနှစ် ကျောင်းသားတစ်ဦးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသားလေးဦးတို့က "လူငယ်နှင့် လူမှုဆက်ဆံရေး"၊ "လူငယ်နှင့် ရည်မှန်းချက်"၊ "လူငယ်နှင့် ကိုယ်တိုင်သင်ယူလေ့လာခြင်း"၊ "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် အစီအစဉ်တင်ဆက်သူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယင်းမာပင်မြို့၌ စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ပြသ

ယင်းမာပင် ဒီဇင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက စာဖတ်ဝိုင်း၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးမြင့်ဇော်ဦး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ဒေါ်သက်ထားအောင်တို့က စာရေးဆရာလယ်တွင်းသား စောချစ်၏ "ပန်းများကိုပွင့်စေမွှေးစေသူ"စာအုပ်မှ "ဆရာနှင့်စိတ်သဘောထားကြီးမြတ်ခြင်း" ဆောင်းပါးကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စာဖတ်ဝိုင်းအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြသည်။ **မစိုးစိုး**



# ပေါက်ခေါင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

ပေါက်ခေါင်း ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှု၊ ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုတို့ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံသံဃာဆောင်၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ် ဦးဆောင်ပြီး တိုက်နယ်ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် နှလုံးခုန်နှုန်းစစ်ဆေးပေးခြင်းနှင့် ရောဂါရှာဖွေခြင်း၊ အထွေထွေရောဂါများစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ရောဂါတွေ့ရှိမှုအပေါ် ဆေးဝါးများကို တစ်လစာအခမဲ့ပေးခဲ့သည်။

ယနေ့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၃ ဦးကို ဆေးကုသမှုဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကုသိုလ်ယူကူညီအားဖြည့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သန်းထွန်းအောင်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

သထုံ ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကို ယမန်နေ့မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမက(လွန်)လိပ်အင်းနှင့် အမက(လွန်) ရွာဦးတို့၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးချစ်စိတ်ဓာတ်ရှင်သန်မြင့်မားရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေက အမှာစကား ပြောကြားသည်။



ထို့နောက် မွန်ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း သုံးပစ္စည်းများကို လုပ်ငန်း ထူထောင်မည့် သင်တန်းသား သင်တန်းသူ ၁၀ ဦးထံပေးအပ်ခဲ့သည်။

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများကို ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# PDF အမည်ခံအကြမ်းဖက်သမားများက ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၊ လေးဦးဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးသည် ကော့ကဒွတ်ရွာဘက်မှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဘောလုံးကွင်း တောင်ဘက် မီတာ ၅၀ ခန့်အကွာမှ လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက် ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး လေးဦး ထိခိုက် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား တောင်စွန်းလူမှုကူညီ ကယ်ဆယ်ရေးအသင်းယာဉ်ဖြင့် ဘီးလင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာရှိ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် နေရာပြပုံ။

# ညောင်တုန်းမြို့နယ်၌ ယစ်မျိုးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ



ညောင်တုန်း ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ယစ်မျိုးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ယစ်မျိုးဆိုင်ရာညွှန်ကြားချက်များနှင့် ပတ်သက်သည့်အချက်များ၊ ယစ်မျိုးရောင်းချရာတွင် Social Media များ၌ ကြော်ငြာရောင်းချခြင်းမပြုရေးနှင့် ယစ်မျိုးဆိုင်ရာ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်က ယစ်မျိုးလိုင်စင်ဆိုင်များအနေဖြင့် ယစ်မျိုးလိုင်စင်အလိုက် ရောင်းချရမည့်အမျိုးအစားများ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ စည်းကမ်းချက်များနှင့် မလျော်ညီသည့် ယစ်မျိုးဆိုင်များအား အရေးယူနိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များစသည့် ယစ်မျိုးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြစိမ်းရောင်စီမံကိန်းမှ သွင်းအားစု / မျိုးစပါးများဖြင့် စိုက်ပျိုးခဲ့သည့်တောင်သူများ စပါးအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိ

မြိတ် ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရေး (မြစိမ်းရောင်)စီမံကိန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သမဝါယမကဏ္ဍမှ သွင်းအားစု/မျိုးစပါးများကို သမဝါယမအသင်းသား တောင်သူများကို မတည်ပံ့ပိုးဆောင်ရွက်ခဲ့ရာ တောင်သူများ၏ မိုးစပါးစိုက်ဧကများ ယခင်နှစ်ကထက် စပါးအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိခဲ့ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။



မြစိမ်းရောင်စီမံကိန်းဖြင့် အခြေခံသမဝါယမအသင်း ၁၂ သင်းမှ မိုးစပါးစိုက်ဧက ၃၀၀၀ တွင် ဆင်းသုခ/ ပေါ်ဆန်းရင်/ GW-11 မျိုးစပါးများ စိုက်ပျိုးဆောင်ရွက်ကြပြီး ယခုစပါးရိတ်သိမ်းရာသီတွင် သမဝါယမအသင်း ၁၀ သင်းမှ ရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ စိုက်ဧက ၈၁၄ ဧကရိတ်သိမ်းပြီးဖြစ်ကာ ယခင်နှစ်က တစ်ဧကလျှင် တင်း ၇၀ ထွက်ရှိ၍ ယခုနှစ်တွင် တစ်ဧကလျှင် တင်း ၈၀ ထွက်ရှိခဲ့သည်။

သမဝါယမဦးစီးဌာနမှ မြိတ်မြို့နယ်အတွင်းရှိသမဝါယမအသင်းသား တောင်သူ ၄၁၄ ဦး၏ စိုက်ဧက ၃၀၀၀ အတွက် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း မြစိမ်းရောင် သမဝါယမကဏ္ဍမှ မျိုးစပါး၊ သွင်းအားစုများကို ထောက်ပံ့ပေးအပ်ခဲ့ရာ ယခုစပါးရိတ်သိမ်းရာသီတွင် သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ဧကများ ယခင်နှစ်ကထက်စပါးအထွက်နှုန်း ပိုမိုထွက်ရှိခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

❖ **စက်သုံးဆီမှ**

ပြောင်းတင်ပို့သည့် ကုမ္ပဏီတစ်ခုချင်း၏ ပို့ကုန်ကြေညာလွှာ (Export Declaration) စာရင်းများကို သက်ဆိုင်ရာ AD လိုင်စင်ရဘဏ်များသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်တင်ပို့သူသည် ကုမ္ပဏီ၏ ပို့ကုန်ကြေညာလွှာအရ သတ်မှတ်ရက်အတွင်း ဝင်ရောက်လာသည့် ပို့ကုန်ရငွေ၏ ၃၀ ရာခိုင်နှုန်းအနက်မှ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် AD လိုင်စင်ရဘဏ်များက မြန်မာကျပ်ငွေဖြင့် တစ်ရက်အတွင်း လဲလှယ်ပေးမည်ဖြစ်ပြီး ၆၅ ရာခိုင်နှုန်းအား နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading Platform)တွင် ဖြစ်ပေါ်နေသော ဈေးကွက်ပေါက်ဈေးဖြင့် AD လိုင်စင်ရဘဏ်များတွင် ရောင်းချရမည်ဖြစ်ကာ ကျန်ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို သွင်းကုန်(စက်သုံးဆီ)တင်သွင်းခြင်းအတွက် ပြည်ပသို့ ပေးချေရန် ကုမ္ပဏီ၏ နိုင်ငံခြားငွေစာရင်းတွင် ထည့်သွင်းထားရှိပေးမည်ဖြစ်ကြောင်း အသိပေးထားသည်။

ကုမ္ပဏီသည် ကိုယ်တိုင် စက်သုံးဆီ တင်သွင်းခြင်းဖြစ်ပါက သွင်းကုန်အတွက်ပေးချေရာတွင် ကုမ္ပဏီ၏ နိုင်ငံခြားငွေစာရင်းရှိ အဆိုပါ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းမှ ပေးချေရန်ဖြစ်ကာ စက်သုံးဆီတင်သွင်းသော ကုမ္ပဏီသို့ နိုင်ငံခြားငွေ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်း တင်ပို့ခြင်းမှ ရရှိထားသော ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို ရောင်းချမည်ဆိုလျှင် သက်ဆိုင်ရာ AD လိုင်စင်ရ ဘဏ်များမှ Online Trading Platform တွင် တင်ပြ၍ အရောင်းအဝယ် ဆောင်ရွက်ရမည်ဖြစ်ပြီး ရောင်းချသူ၏ နိုင်ငံခြား ငွေစာရင်းမှ ဝယ်ယူသူ၏ နိုင်ငံခြားငွေစာရင်းသို့ လွှဲပြောင်းပေးရန်နှင့် မတူညီသော ဘဏ်များ အကြားလွှဲပြောင်းခြင်းကိုလည်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းမည့်ကုမ္ပဏီမှ လိုင်စင်လျှောက်ထားရာတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ပြောင်း တင်ပို့ရာမှ ပို့ကုန်ရငွေရရှိထားကြောင်း (သို့မဟုတ်) ဆန်၊ဆန်ကွဲ၊ ပဲမျိုးစုံနှင့်ပြောင်း တင်ပို့သည့် ကုမ္ပဏီမှ ပို့ကုန်ရငွေကို ဝယ်ယူထားကြောင်း အထောက်အထားအဖြစ် AD လိုင်စင်ရဘဏ်များမှ ထုတ်ပေးသည့် Credit Advice နှင့် Bank Statement မူရင်း တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

သစ်တော်

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B-5)၊ TYPE (A)၊ အခန်းအမှတ်(၄၁၆)၊ LEVEL(4)၊ RC(၁၂)ထပ်ခွဲ အဆောက်အဦမှ ဧရိယာ (၁၂၆၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးဇော်မင်းသန်း [၁၂/ဗဟန(နိုင်)၀၀၀၈၄၁]နှင့် ဒေါ်ငြိမ်းငြိမ်းအောင် [၁၄/လပတ(နိုင်)၁၆၀၇၂၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်စောရွှယ်မီ [၁၃/ကခန(နိုင်)၀၅၅၁၈၄]၊ ဦးဟူဒေယင် [၁၃/ကခန(နိုင်)၀၂၈၉၆၃] နှင့် ဒေါ်ဟူချွေဆိုင်း [၁၃/ကခန(နိုင်)၀၄၅၇၆၀]တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောရွှယ်မီ၊ ဦးဟူဒေယင် နှင့် ဒေါ်ဟူချွေဆိုင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉ ၅၄၀၁၉၄၀** | **ဖုန်း-၀၉၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို လျှောက်ထားလိုသော ဌာန/တက္ကသိုလ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်အပ်မည့် ရာထူး/လစာနှုန်း | ပညာအရည်အချင်း | လျှောက်ထားနိုင်သည့်ဌာန/တက္ကသိုလ် |
|---|---|---|---|
| ၁ | နည်းပြ/သရုပ်ပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E.(Civil) | နည်းပညာတက္ကသိုလ်(ထားဝယ်/ မြိတ်/ ကလေး) |
| ၂ | | B.E.(Electronics) | နေပြည်တော်နည်းပညာတက္ကသိုလ် |
| ၃ | | B.E.(Electrical Power) | နည်းပညာတက္ကသိုလ် (မုံရွာ/ ဘားအံ) |
| ၄ | | B.E.(Mechanical)/ B.E.(Mechanical Precision & Automation) | နေပြည်တော်နည်းပညာတက္ကသိုလ်၊နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး/ဘားအံ/ မြိတ်) |
| ၅ | | B.E.(Mining) | ရန်ကုန်နည်းပညာတက္ကသိုလ်/မန္တလေးနည်းပညာတက္ကသိုလ် နည်းပညာတက္ကသိုလ်(မန္တလေး/ တောင်ကြီး) |
| ၆ | | B.E.(Mechatronic) | နည်းပညာတက္ကသိုလ် (မှော်ဘီ/မန္တလေး/တောင်ငူ/မုံရွာ) |
| ၇ | | B.E.(Metallurgy) | ရန်ကုန်နည်းပညာတက္ကသိုလ်/မန္တလေးနည်းပညာ တက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်(တောင်ကြီး) |
| ၈ | | B.E.(Textile) | ရန်ကုန်နည်းပညာတက္ကသိုလ်/ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်(မုံရွာ) |
| ၉ | | B.E.(Petroleum) | ရန်ကုန်နည်းပညာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်(သန်လျင်/မန္တလေး) |
| ၁၀ | | B.E.(Chemical) | ရန်ကုန်နည်းပညာတက္ကသိုလ်/မန္တလေးနည်းပညာ တက္ကသိုလ်/ နည်းပညာတက္ကသိုလ် (သန်လျင်/မန္တလေး) |
| ၁၁ | | B.E.(Information Technology) | မန္တလေးနည်းပညာတက္ကသိုလ်/ ပြည်နည်းပညာတက္ကသိုလ် နည်းပညာတက္ကသိုလ်(ပုသိမ်/မော်လမြိုင်) |
| ၁၂ | | B.C.Sc(မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်) | မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်(သထုံ/ဘားအံ/လားရှိုး/ထားဝယ်/ ပင်လုံ) |
| ၁၃ | | Myanmar(မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်) | နည်းပညာတက္ကသိုလ် (မအူပင်/ မုံရွာ/ ကလေး) |
| ၁၄ | | English(မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်) | နည်းပညာတက္ကသိုလ် (ပင်လုံ/ ထားဝယ်/ လှိုင်ကော်) |
| ၁၅ | | Maths (မဟာတန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်) | ကွန်ပျူတာတက္ကသိုလ် (ဘားအံ/မြိတ်) |
| ၁၆ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန/ နည်းပညာတက္ကသိုလ်များ/ကွန်ပျူတာတက္ကသိုလ်များ |
| ၁၇ | စာကြည့်တိုက်လက်ထောက်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ | မန္တလေးနည်းပညာတက္ကသိုလ်၊ နေပြည်တော်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မအူပင်/ပုသိမ်/ ဟသ်ာတ/ ကျောက်ဆည်/ တောင်ငူ/ စစ်ကိုင်း/ မော်လမြိုင်/ မကွေး/ မုံရွာ/ မိတ္ထီလာ/ ပခုက္ကူ/ ရမည်းသင်း/တောင်ကြီး/ ဘားအံ/ လားရှိုး/ ပင်လုံ/ မြစ်ကြီးနား/ ထားဝယ်/ လှိုင်ကော်/ မြိတ်/ ဗန်းမော်/ ကလေး/ စစ်တွေ/ ကျိုင်းတုံ)၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပြည်/ ဟသ်ာတ/ သထုံ/ မုံရွာ/ မိတ္ထီလာ/ ပခုက္ကူ) |
| ၁၈ | ယာဉ်မောင်း(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ ယာဉ်မောင်းလိုင်စင်"ခ"ရရှိသူဖြစ်ပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်/မှော်ဘီ/မန္တလေး/ပုသိမ်/ ကျောက်ဆည်/ မကွေး/ လှိုင်ကော်/စစ်တွေ/ ကျိုင်းတုံ)၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ/ထားဝယ်/ မြစ်ကြီးနား) |
| ၁၉ | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန/ နည်းပညာတက္ကသိုလ်များ/ ကွန်ပျူတာတက္ကသိုလ်များ |
| ၂၀ | သန့်ရှင်းရေးအကူ/ လုပ်သား/ အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာမူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။ | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန/ နည်းပညာတက္ကသိုလ်များ/ ကွန်ပျူတာတက္ကသိုလ်များ |

၂။ လျှောက်ထားသူသည်
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) နည်းပြ/သရုပ်ပြရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) အငယ်တန်းစာရေး/ စာကြည့်တိုက်လက်ထောက်(၅)/ ယာဉ်မောင်း(၅)/ ရုံးအကူ/ သန့်ရှင်းရေးအကူ/ လုပ်သား/ အစောင့်ရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက် (၁၈)နှစ် ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မိမိတာဝန်ထမ်းဆောင်လိုသော ဌာန/တက္ကသိုလ်များတွင် အခမဲ့ရယူနိုင်ပြီး (၁၉-၁ -၂၀၂၄)ရက်နေ့အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အတူ မိမိတာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဝန်ကြီးဌာနခွင့်ပြုချက်(မူရင်း) တစ်ပါတည်းပူးတွဲ၍ မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့်(၁၉-၁-၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ(မိတ္တူ)နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)။ ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ)။
- (ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ဃ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း စစ်ဆေးထားသည့် ဆေးထောက်ခံစာ (မူရင်း)။
- (င) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)။(မူရင်းအား လျှောက်လွှာတင်ပြသည့်နေ့တွင် ယူဆောင်လာရမည်။)
- (စ) လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက် (မူရင်း)ကို ပူးတွဲတင်ပြရမည်။
- (ဆ) လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သောအထောက်အထား(မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် နည်းပြရာထူး၊ အငယ်တန်းစာရေးရာထူးနှင့် စာကြည့်တိုက်လက်ထောက်(၅)ရာထူးနေရာများအတွက် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၈။ ယာဉ်မောင်း(၅)ရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးမှု ခံယူရမည်။

၉။ ရုံးအကူ/ သန့်ရှင်းရေးအကူ/ လုပ်သား/အစောင့်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးမှုခံယူရမည်။

၁၀။ ရေးဖြေနှင့် လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား မိမိလျှောက်ထားသော ဌာန/တက္ကသိုလ်များတွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၂၂-၁-၂၀၂၄) ရက်နေ့နှင့် (၂၃-၁-၂၀၂၄) ရက်နေ့များတွင် သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင် ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို မိမိလျှောက်ထားသည့် ဌာန/တက္ကသိုလ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| | ဘာသာရပ် (ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၂၄-၁-၂၀၂၄) ရက်နေ့၊ နံနက် (၈:၀၀) နာရီမှ (၁၀:၀၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၂၄-၁-၂၀၂၄)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီမှ(၁၂:၀၀) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၂၄-၁-၂၀၂၄)ရက်နေ့၊ နံနက် (၁၃:၀၀) နာရီမှ(၁၅:၀၀) နာရီထိ |

၁၂။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ ဌာန/တက္ကသိုလ်များတွင်(၂၅-၁-၂၀၂၄)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၃။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲ၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၄၆ နှင့် ၀၆၇-၃၄၀၄၆၄၇ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကြည်မြင့်၏ သားကျွန်တော် ဦးမျိုးမင်းဦး[၈/အလန(နိုင်)၂၄၄၇၈၈]၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-128 664)သည် ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၀၄၇၀၃၇၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (ဂ/၉၅)၊ ဧရိယာ(၁၂၅၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၃၃၇)၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးဝင်းမြင့်ဦး [၁၂/ဒပန(နိုင်)၀၃၀၅၈၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့်ဦး[၁၂/ဒပန(နိုင်)၀၃၀၅၈၉] ကိုယ်တိုင်မှမိမိအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀)မြေငှားဂရန်မှာ မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉၅၊ လုပ်စာ)၊ ဦးပိုင်အမှတ်(၄၂၈)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၃)နေ ဦးရဲခွန်ကို [၁၄/မအပ(နိုင်)၁၈၃၃၆၄]၊ ဒေါ်နီနီအောင် [၁၄/ဓနဖ(နိုင်)၁၂၂ ၃၆၉]တို့မှ မြေငှားဂရန် အသစ်ရရှိရေးအတွက် နှစ်ဦးသဘောတူခြံမြေ အရောင်းအဝယ် ကတိပြုစာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်း(တောင်) ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၁)လမ်း၊ အမှတ်(၃၁)နေ ဦးဝင်းမြင့်(ခ)ဦးကျော်ဝင်း [၁၂/စခန(နိုင်)၀၃၁၃၅၅]နှင့် ဒေါ်ရီရီလွင် [၁၂/စခန(နိုင်)၀၃၀၀၄၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းမြင့်(ခ)ဦးကျော်ဝင်းနှင့် ဒေါ်ရီရီလွင်တို့၏သမီးဖြစ်သူ မချိုဇင်သွယ် (ခ)မချစ်စုသွယ် [၁၂/စခန(နိုင်)၀၇၈၀၁၈] သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမျိုး (LL.B, D.B.L, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၄၄)**
**အမှတ်-၆၀၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၇၂၃၉၃၅၀**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ
## (အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ( ၁ ) ရပ်ကွက်၊ ရပ်( ၂ )၊ မွန်စုရပ်၊ ဦးပိုင်အမှတ်(၁၀)၊ (မြေကွက်အမှတ် (၁၁)၊ ဧရိယာ (၀.၀၈၉)ဧကအား မဒေါက်မြို့၊ မြို့မ(၁)ရပ်ကွက်နေ ဦးကောက်မှ မြေငှားဂရန်အသစ် လျှောက်ထားကြောင်း မဒေါက်မြို့၊ မြို့မ (၁)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်-

| | |
|---|---|
| အရှေ့ဘက် | - မြေကွက်အမှတ် (၁၂) |
| အနောက်ဘက် | - မြေကွက်အမှတ်(၁၀) |
| တောင်ဘက် | - ညောင်လေးပင် - ရွှေကျင်ကားလမ်း |
| မြောက်ဘက် | - ကွင်းအမှတ်(၂၁၆)၊ မဒေါက်ကွင်း |

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။

ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍ (၄-၁-၂၀၂၄) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဦးကောက် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည်ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## "ကန့်ကွက်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၇၂၂)၊ အကျယ်အဝန်းပေ(၂၀x၆၀) (ပါမစ်မူရင်းခြမ်း)ရှိ အမည်ပေါက် ဦးအေးဆောင်(ISN- ၀၄၉၅၃၄)ပိုင်ဆိုင်သော မြေနှင့်အိမ်အား ကြေးမုံသတင်းစာ၌ **"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"**ခေါင်းစဉ်ဖြင့် **(၁၆-၁၂-၂၀၂၃)ရက်စွဲပါ စာမျက်နှာ-၂၀**တွင်ပါရှိခဲ့သည်ကိုသိရှိခဲ့ပါသည်။

ဖခင်ဖြစ်သူ ဦးအေးဆောင်မှာ ကွယ်လွန် ပြီး၊ မိခင်ဖြစ်သူ ဒေါ်စန်းမြမှာ အသက်(၈၀)ခန့်ရှိပြီးဖြစ်သဖြင့် မေ့လျော့တတ်သူ (စိတ်မကျန်းမာသူ) တစ်ဦးဖြစ်ပါသည်။ ၎င်းတို့တွင် သားသမီး(၄)ဦးထွန်း ကားခဲ့ပြီး သားသမီး(၃)ဦးမှာ ကွယ်လွန်ခဲ့ပါသည်။ သက်ရှိထင်ရှားရှိသူမှာ ဦးထွန်းအေး (၁)ဦးသာ ကျန်ရှိပါသည်။ **သားဖြစ်သူဦးထွန်းအေး**သည် ခရီးသွားရာမှပြန်ရောက်စဉ် **မိခင်ဖြစ်သူဒေါ်စန်းမြ**မှာနေအိမ်တွင်မရှိဘဲ ပျောက်ဆုံးနေသည့်အပြင် မိခင်နှင့်အတူ အိမ်ပိုင်ဆိုင်မှု စာရွက်စာတမ်းများပါ ပျောက်ဆုံးနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အိမ်အား သားဖြစ်သူ ဦးထွန်းအေး [၁၂/ဒဂမ(နိုင်)၀၀၈၆၁၀] မသိရှိပဲ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ပါသည်။ အကယ်၍ လူကြီးမင်းမှ ဆက်လက်အရောင်းအဝယ်ပြုလုပ်ပါက လူကြီးမင်း၏ တာဝန်သာဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးထွန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၉၅၅/က၊ မြေကွက်တည်နေရာအမှတ်-၉၅၅/က၊ (၁၈)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးတင်ကြွယ်[၁၂/ဥကတ(နိုင်)၁၂၇၂၉၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ကြွယ်(ဖခင်)နှင့်ဒေါ်ဘုတ်ဆုံ(မိခင်)တို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး ၎င်းတို့ကွယ်လွန်ပြီး မွေးဖွားသား/သမီး (၅)ဦးတွင် သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်ဝင်း(အပျိုကြီးဘဝဖြင့်)လည်းကောင်း၊ သားနှစ်ဦးဖြစ်သူ ဦးအောင်ကြည်နှင့် ဦးမောင်မောင်ထွေးတို့သည် (လူပျိုကြီးဘဝဖြင့်)ထပ်မံကွယ်လွန်ကြောင်း၊ သားတစ်ဦးဖြစ်သူ ဦးအောင်လွင် (ထပ်မံ)ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ဖြူဖြူမာ[၁၂/မဂတ(နိုင်)၀၁၄၈၆၈]နှင့် ကျန်သမီးတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ကြွယ်[၁၂/ဥကတ(နိုင်)၁၂၇၃၉၇]တို့ပူးတွဲ၍ သမီး၊ ချွေးမတို့မှ ကွယ်လွန်သူများမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး မကွယ်လွန်မီ မည်သူ့ကိုမျှ သေတမ်းစာပေးကမ်းခဲ့ခြင်း၊ ရေးသားထားခြင်းမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂) စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး**

## မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၃၁) နှစ်မြောက် ၂၀၂၂ ခုနှစ် – နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၃၁)နှစ်မြောက် ၂၀၂၂ ခုနှစ်၊ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်၊ စနေနေ့၊ နံနက် (၁၀:၀၀)နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းသားများအနေဖြင့် အစည်းအဝေးတွင် အကြံပြုလိုသည့် အချက်များရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်၊ ညနေ (၄:၃၀) နာရီ နောက်ဆုံးထား၍ အသင်းရုံးနှင့် mail address office@meodamm.com သို့ အချိန်မီပေးပို့နိုင်ပါသည်။ အဆိုပါရက်ထက် ကျော်လွန်ရောက်ရှိလာသော အကြံပြုချက်များကို ပြန်ကြားမည်မဟုတ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း**

## အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အေးသာယာရပ်ကွက်(၂)လမ်း၊ အမှတ်(၁၁၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အ မှတ်(၅၃၅/က)၊ မြေကွက်အမှတ်(၁၁၄)၊ အလျား(၃၀)ပေ x အနံ(၅၀)ပေရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်သူ[၁၂/အစန(နိုင်)၀၄၂၃၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမြို့ကြည် [၉/မခန(နိုင်)၂၅၆၂၄၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သီတာကြိုင်** | **ဒေါ်ဖြိုးဝေကြိုင်** |
| **(LL.B, D.B.L)** | **(LL.B, D.B.L, D.M.L, D.I.L,B.D.S)** |
| **(စဥ်–၁၂၇၆၂)** | **(စဥ်–၁၀၁၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း–၀၉–၇၈၇၅၄၈၄၁၂**   **ဖုန်း–၀၉–၂၆၀၀၁၀၇၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ မြေကွက်အမှတ်(၄၂၄)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ ပထမထပ် (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)အခန်း၊ ဧရိယာ(၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော **ဦးလှထွန်း [၁၂/ဥကတ(နိုင်)၁၃၂၃၇၈]**ထံမှ **ဒေါ်ဆွေဇင်သက် [၇/တငန(နိုင်)၁၁၆၈၁၅]**က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ**(၇)ရက်အတွင်း** တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်သက် [၇/တငန(နိုင်)၁၁၆၈၁၅]**
**ဆက်သွယ်ရန်ဖုန်း – ၀၉–၅၀၄၀၀၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း[၇/ပတတ(နိုင်)၀၈၁၀၅၇] သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇)၊ မြေကွက်အမှတ်(၁၉၂–ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဒေါ်ချိုသက်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်သူဖြစ်သော ဒေါ်ချိုသက်ဝင်း [၁၂/အစန(နိုင်)၁၈၉၃၅၆] ထံမှ တရားဝင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နိုင်နိုင်ဝင်း (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၅၈၅)**
**အမှတ်(၃၀၇)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၆၂၆၇၇၇၉၃၊ ၀၉–၇၉၅၆၇၈၉၉၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်(B–3)၊ အခန်း အမှတ် (၄၀၄)၊ (၄)လွှာ ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ ၃/၂ x၄၅) ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသော အရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်တင်တင်ဌေး [၁၀/သထန (နိုင်)၁၀၁၃၉၂]** က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဥ် – ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၅၁၄၃၅၈၃၊ ၀၉– ၇၉၅၉၁၉၈၄၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစည်သူအောင် [၁၂/ဒပန(နိုင်)၀၅၄၇၃၄]၏ sea-time check (ပင်လယ်ပြင်လုပ်သက် စိစစ်ခြင်းစာရွက်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၁၂၇၄၃၀၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းသက်ကို CDC No.85675 ၏ Drawing Certificate ပျောက်ဆုံးသွားပါကြောင်း အသိပေးကြော်ငြာခြင်း။

**Ph:09–782810679**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ပိတ်စွယ်ကျေးရွာ၊ ဒလ–တွံတေးကားလမ်းမပေါ်၊ ကွင်း/အကွက်အမှတ်(၁၀၇)၊ ဦးပိုင် လုပ်ကွက်အမှတ်(၂၄/၃)၊ ဧရိယာ(၀.၂၇)ဧက၊ (၁၀၀x၁၂၀)ပေခန့်ရှိ RH မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော် [၆/မအရ(နိုင်)၀၈၄၆၁၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဒေါ်သင်းသင်း၏လွှဲအပ်ချက်အရ"**

**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဥ်–၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဥ်–၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**Ph: 01–385205,09–420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်၊ ပိတ်စွယ်ကျေးရွာ၊ ဒလ–တွံတေးကားလမ်းမပေါ်၊ ကွင်း/အကွက်အမှတ်(၁၀၇)၊ ဦးပိုင်လုပ်ကွက်အမှတ်(၂၄/၃)၊ ဧရိယာ(၀.၁၁)ဧက၊ (၄၀x၁၂၀)ပေခန့်ရှိ RHမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော် [၆/မအရ(နိုင်)၀၈၄၆၁၉] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဦးကန်၏လွှဲအပ်ချက်အရ"**

**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဥ်–၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဥ်–၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph: 01–385205,09–420088970**

## သတိပေးတားမြစ်ခြင်း

အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ မဟာဗန္ဓုလ(၁) လမ်း၊ အမှတ်–၁(အေ)တွင် နေထိုင်ကွယ်လွန်ခဲ့သော ဖခင်ကြီးဟာဂျီ ဦးချစ်စိန်[၁၄/မမက(နိုင်)၁၂၃၅၁၅]၏ ကျန်ရစ်အမွေပုံ ပစ္စည်းများဖြစ်ပါသည် –

(၁) ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ မဟာဗန္ဓုလ(၁)လမ်း၊ ဦးပိုင်အမှတ်(၁၄)၊ မြေစာရင်းရပ်ကွက်အမှတ် (၈)ပေါ်ရှိ အိမ်အမှတ်(၃၁) ၄ ပင် ၃ ခန်းရှေ့နောက် သံမံတလင်းခင်း၊ သွပ်မိုး၊ ပျဉ်ကာနေအိမ်(၁)လုံး(၀.၀၅)ဧက။
(၂) မော်လမြိုင်ကျွန်းမြို့၊ မြို့မဈေးကြီးဒါးတန်းရှိ ဆိုင်အမှတ်(၂၂၆)ဆိုင်ခန်း (၁)ခန်း။
(၃) မော်လမြိုင်ကျွန်းမြို့၊(၄)ရပ်ကွက် (၁၁)လမ်းရှိ အမှတ်(၁၁)တိုက်ခန်း (၁)ခန်း။
(၄) မော်လမြိုင်ကျွန်းမြို့၊မြို့မ(၄)ရပ်ကွက်၊ မဟာဗန္ဓုလ(၁)လမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၅–ခ)၊ အိမ်အမှတ်(၁–A)၊ သွပ်မိုးပျဉ်ကာ ၃ ပင် ၂ ခန်းရှေ့နောက် သံမံတလင်းခင်းနေအိမ်(၁)လုံး။
(၅) မော်လမြိုင်ကျွန်းမြို့၊မြို့မ(၄)ရပ်ကွက်၊ မဟာဗန္ဓုလ(၁)လမ်းပေါ်ရှိ ဦးပိုင်အမှတ်(၁၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ တိုက်အမှတ်2–A သုံးထပ်တိုက်(၁)လုံး။
(၆) မော်လမြိုင်ကျွန်းမြို့၊မြို့မ(၅)ရပ်ကွက်၊ အောင်သာယာဈေး၊ (ဃ)ဈေးရုံရှိ ဆိုင်ခန်းအမှတ်(၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၂၊ ၁၃၊ ၁၄)ဆိုင်ခန်းများအားလုံး။
(၇) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်းရှိ အမှတ် (၁၇)၊ ဦးလွန်းလမ်းရှိ ပထမထပ်၊ တိုက်ခန်း(၁)ခန်း
(၈) မော်လမြိုင်ကျွန်းမြို့၊ မြို့မ(၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းပေါ်ရှိ ဦးပိုင်အမှတ်(၃၈)၊ မြေကွက်အမှတ်(၈)၊ အိမ်အမှတ်(၆၀) ၃ပင်၂ ခန်း သွပ်မိုး၊ ပျဉ်ကာနေအိမ်(၁)လုံး။
(၉) မော်လမြိုင်ကျွန်းမြို့၊ (ခ)မြို့ပတ်လမ်း၊ ကွင်းအမှတ်(၁၅) (20.21.22) ၄၀'x ၆၀'မြေကွက်(၃)ကွက်။

ဖော်ပြပါမိဘနှစ်ပါးကျန်ရစ် အမွေပုံပစ္စည်းများကို အမွေဆိုင်များအကြား အမွေခွဲဝေရန် စီစဉ်လျက်ရှိပါသည်။ မည်သူ မျှ ရောင်းဝယ်၊ ငှားရမ်း၊ ပေးကမ်း၊ ပေါင်နှံ၊ အာမခံတင်၊ လှူဒါန်း၊ လဲလှယ်၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

**ဦးခင်မောင်ဇင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးဝင်း(မအူပင်)B.A, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၄၁၇၈)**
**အမှတ်–၁၆၂၊ ပထမထပ်(ယာ)၊ ၃၅–လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၉၅၁၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၈)လမ်း၊ တိုက်အမှတ်(၂၁)(၂)ခန်းတွဲ(၆)ထပ်တိုက်၏တတိယထပ်(၄)လွှာ–အေ)၊ အကျယ်အဝန်း(အလျား၁၂ပေခွဲX အနံ၅၀ပေ)အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဒေါ်မြင့်ရီ (၁၂/ဥကမ(နိုင်)၀၃၇၈၆၆)သည် အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ၊**
**ဒေါ်ခင်မိမိစိုး(LL.B, D.M.L)**
**အထက်တန်းရှေ့နေ(စဥ်–၄၁၄၀၀)**
**Ph : 09-43124898, 09-405100500**
**No.450, (9)ward, ZarNi(12)street,South Okkalarpa Township,Yangon.**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အပေါ်ဗဟိုလမ်း၊ အမှတ်(၁၃၁)ဟုခေါ်တွင်သော (၃)ခန်းတွဲ(၃)ထပ်ခွဲတိုက် အဆောက်အဦ၏ အကျယ်အဝန်း(အလျား၁၂ပေx အနံ၄၆ပေ)ရှိ ပထမထပ်(၂လွှာ) (ခေါင်းရင်းဘက်အခြမ်း) တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နော်ဆဲမေဖေါ်[၁၄/မမက(နိုင်)၂၁၈၀၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလှဲ့ဝင်း(LL.B )**
**အထက်တန်းရှေ့နေ(စဥ်–၂၀၉၅၁)**
